**KEY STATEMENTS FOR THE 2024 THANKSGIVING BLENDING CONFERENCE**

ပေတရု ပထမနှင့် ဒုတိယစာစောင်၏ အကြောင်းအရာသည် ဘုရားသခင်၏ အုပ်စိုးခြင်းအကြောင်း ဖြစ်သော်လည်း၊ ဘုရားသခင်၏ အုပ်စိုးမှု နှင့်စပ်လျဉ်းသည့် အရာခပ်သိမ်းသည် ကျွန်ုပ်တို့အား ဤစာစောင်များ၏ အလယ်ဗဟိုကျသော ဗဟိုပြုချက်နှင့် အခြေခံတည် ဆောက်ပုံသို့ ပြန်လည် ခေါ်ဆောင်ပေးသင့်သည် - ယင်းမှာ ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်းငှာ သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့ အပြည့်အဝမွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။

ပေတရု၏ရေးသားချက် အဖိုးထိုက်တန်မှုမှာ သူက
ခရစ်ယာန်အသက်တာနှင့် ဘုရားသခင်၏အုပ်စိုးမှုကို အတူပေါင်းထားပြီး၊
ခရစ်ယာန်အသက်တာနှင့် ဘုရားသခင်၏အုပ်စိုးမှုသည် အတွဲတစ်တွဲအဖြစ် အတူတကွ သွားနေကြောင်း ဖွင့်ပြထားသည်။

“ခပ်သိမ်းသောကျေးဇူးတော်၏ ဘုရားသခင်” - ယုံကြည်သူများကို ကိုယ်တော်၏ထာဝရဘုန်းတော်အထဲသို့ ခေါ်တော်မူသော အရှင်- သည် သူတို့၏ ဒုက္ခဆင်းရဲများမှတစ်ဆင့် သူတို့ကို စုံလင်စေခြင်း၊ တည်မြဲစေခြင်း၊ ခွန်အားပေးခြင်းနှင့် အခြေကျစေခြင်း ပြုတော်မူသည်။ ဤ”ခပ်သိမ်းသောကျေးဇူးတော်”သည် “ဘုရားသခင်၏ဟုတ်မှန်သော ကျေးဇူးတော်”ဖြစ်ပြီး၊ ယင်းအထဲသို့ ယုံကြည်သူများ ဝင်ရောက်၍၊ ၎င်း၌ သူတို့ ရပ်တည်ရမည်ဖြစ်သည်။

ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပုံသက်သေအဖြစ် ခရစ်တော်၏ ပုံတူမူပွားဖြစ်လာကြမည် ဖြစ်သည်၊ ခရစ်တော်အား ကျွန်ုပ်တို့စိတ်များ၏သိုးထိန်းအဖြစ် ကျွန်ုပ်တို့ တွေ့ကြုံခံစား၍၊ မွေ့လျော်ဝမ်းမြောက်နိုင်ကြသည်။

*© 2024 Living Stream Ministry*

**Outline of the Messages**
**for the Thanksgiving Blending Conference**
**November 28—December 1, 2024**

**GENERAL SUBJECT:**
**ဘုရားသခင်၏စီမံကိန်းအတွက် ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာကို အသက်ရှင်ခြင်း**

Message One

**ဘုရားသခင်၏စီမံကိန်းအတွက် ဘုရားသခင်၏အုပ်စိုးမှု**

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊၁း၂-၃၊ ၅၊ ၁၀-၁၂၊ ၂၀။ ၂း၁-၅၊ ၉။ ၃း၄။ ၄း၁၄။ ၅း၁၀။
၂ပေ၊၁း၄။ ၃း၁၃၊ ၁၈

**I. ပေတရု၏ သြဝါဒစာစောင်များ၏ အကြောင်းအရာမှာ ဘုရားသခင်၏အုပ်စိုးခြင်းနှင့်အတူ ကိုယ်တော်၏တရားစီရင်ခြင်းဖြစ်သည်။**

A. ဘုရားသခင်၏တရားစီရင်ခြင်းသည် ကောင်းကင်တမန်များမှ စတင်၍ (၂ပေ၊၂း၃-၄)၊ ဓမ္မဟောင်းရှိ လူ၏မျိုးဆက်များတစ်လျှောက် ဆက်သွားခဲ့သည် (အငယ်၊၅-၉)။

B. ဓမ္မသစ်ခေတ်တွင် ၎င်းသည် ဘုရားသခင်၏အိမ်တော်မှ အစပြု၍ (၁ပေ၊၁း၁၇။ ၂း၂၃။ ၄း၆၊ ၁၇)၊ ရောက်လာမည့် သခင်ဘုရား၏ နေ့ရက်တိုင် ဆက်လက်ဖြစ်ပေါ်လိမ့်မည် (၂ပေ၊၃း၁၀)၊ ယင်းသည် မိလေနီကာလမတိုင်မီ ဂျူးလူများ၊ ယုံကြည်သူများနှင့် တပါးအမျိုးသားများအပေါ် တရားစီရင်ရာနေ့ ဖြစ်လိမ့်မည် (အငယ်၊၁၂)။

C. မိလေနီကာလပြီးနောက် လူများနှင့် နတ်ဆိုးများအပါအဝင် သေသောသူအားလုံးတို့သည် တရားစီရင်ခံရကြပြီး၊ ပျက်စီးခြင်းသို့ ရောက်ကြမည်ဖြစ်ကာ (၁ပေ၊၄း၅။ ၂ပေ၊၃း၇)၊ ကောင်းကင်များနှင့် မြေကြီးသည် မီးအားဖြင့် လောင်ကျွမ်းသွားကြလိမ့်မည်ဖြစ်သည် (အငယ်၊၁၀ခ၊ ၁၂)။

D. အမျိုးမျိုးသောတရားစီရင်ခြင်းများ၏ ရလဒ်များမှာ မတူညီကြပေ။ အချို့ တရားစီရင်ခြင်းများသည် ဆုံးမခြင်းဆိုင်ရာ တရားစီရင်ခြင်းကို ဖြစ်ပေါ်စေ၍၊ အချို့သည် ခေတ်ကာလဆိုင်ရာ ပြစ်ဒဏ်ပေးခြင်းကို ဖြစ်ပေါ်စေကာ၊ အချို့မှာမူ ထာဝရပျက်စီးခြင်းကို ဖြစ်ပေါ်စေသည် - ၂း၁ မှတ်စု ၅ အချက် ၂။

E. သို့သော်လည်း ဤတရားစီရင်ခြင်းများအားလုံးအားဖြင့် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ရှင်းလင်း၍ စင်ကြယ်စေမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်၏ နှစ်သက်အားရခြင်းအဖို့ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဖြင့် (၃း၁၃) ဖြည့်ခြင်းခံရသော စကြဝဠာအသစ်အတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ရရှိနိုင်မည်ဖြစ်သည်။

F. ဘုရားသခင်၏အုပ်စိုးမှုဆိုင်ရာ တရားစီရင်ခြင်းကို ဒံယေလစာစောင်၌လည်း မြင်နိုင်ပါသည်။

1. နေဗုခဒ်နေဇာ၏ "စိတ်နှလုံး ထောင်လွှား၍၊ သူ့ဝိညာဉ်သည် မောက်မာလျက် မာန်မာနထောင်လွှားသောအခါ၊ ရာဇပလ္လင်မှ ဖြုတ်ချခံရ၍ ဘုန်းအသရေသည်လည်း နုတ်ယူခံရလေ၏" (၅း၂၀)။ ဘုရားသခင်က သူသည် "ကောင်းကင်များသည် အုပ်စိုးကြောင်းကို သိပြီးသောနောက်" သူ၏နိုင်ငံသည် သူ့ထံ ပြန်တည်စေလိမ့်မည်ဖြစ်ကြောင်း ပြောခဲ့သည် (၄း၂၆။ ၅း၂၁)။

2. သူ၏မျိုးဆက် ဗေလရှာဇာသည် ဤအမှုအလုံးစုံကို သိခဲ့သော်လည်း၊ ဘုရားသခင့်ရှေ့တော်၌ သူ၏ မူးယစ်သောက်စားခြင်းမှာ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ပြစ်မှားစော်ကားခြင်းဖြစ်ပြီး၊ ဒံယေလက သူ့အား "ကိုယ်တော်၏ အသက်သခင် တည်းဟူသော ကိုယ်တော်၏ အမှုအလုံးစုံတို့ကို စီရင်ပိုင်တော်မူသော ဘုရားသခင်ကို မချီးမြှောက်ဘဲ နေပါပြီတကား" ဟု ပြောခဲ့သည် (အငယ်၊၂၂-၂၃)။ ထို့ကြောင့် သူ၏နိုင်ငံသည် "နိုင်ငံတော်ကို ခွဲဝေ၍ မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူ၏" (အငယ်၊၂၈)။

G. သို့ဖြစ်၍ ပေတရုက ကျွန်ုပ်တို့သည် "ညှော်သည် ဖြစ်စဉ်ကာလပတ်လုံး ကြောက်ရွံ့ခြင်း" ရှိကြရန် ပြောထားသည် (၁ပေ၊ ၁း၁၇)။ သူက ကျွန်ုပ်တို့သည် "ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း၊ တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ့်ကိုယ်ကို နှိမ့်ချကြရန်" လိုအပ်သည် (၅း၆)။ ကိုယ်တော်၏ဆုံးမစီရင်ခြင်း၌ ဘုရားသခင်၏ နှိမ့်ချစေသော လက်တော်အားဖြင့် နှိမ့်ချခံရရန် အလိုရှိခြင်းမှာ ဘုရားသခင်၏ချီးမြှောက်သော လက်တော်အားဖြင့် ချီးမြှင့်ခံရစေရန်နှင့် ကျွန်ုပ်တို့၏အသက်မစရာအဖြစ် သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်ကို မွေ့လျော်ဝမ်းမြောက်ရန် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်၊ ယင်းသည် နှိမ့်ချသော ယုံကြည်သူ၌ တိုးပွားလျက်ရှိသည် (အငယ်၊၅။ ၁း၂။ ၄း၁၀)။

H. သခင်ဘုရားကို ကြောက်ရွံ့ခြင်းမှာ ကိုယ်တော်ကို ရိုသေလေးမြတ်ခြင်းနှင့် အရာခပ်သိမ်း၌ ကိုယ်တော်ကို ဆင်ခြင်လျက် သိမှတ်ခြင်းပင် ဖြစ်ကာ (ဆာ၊၈၆း၁၁။ ဟေရှာ၊၁၁း၂။ သု၊၁း၇။ ၃း၅-၁၀)၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သော အံ့သြဖွယ်သော ဘုရားသခင်ဖြစ်ကြောင်း ဘယ်တော့မှ မမေ့လျော့ခြင်းဖြစ်သည် (ဟေရှာ၊၄၃း၇)။ သခင်ဘုရားကို ကြောက်ရွံ့ခြင်းက ကျွန်ုပ်တို့အား မကောင်းမှုလုပ်ခြင်းမှ ရပ်တန့်စေသည်။ ၎င်းသည် အခြားသူများ၏ ဒုက္ခဆင်းရဲခံစားရခြင်းများကို ထိတွေ့ခံစားရန်နှင့် သူတို့အား ကရုဏာပြကာ စာနာသနားခြင်း ရှိရန်လည်း ဖြစ်စေသည်။

**II. ပေတရု ပထမနှင့် ဒုတိယစာစောင်၏ အကြောင်းအရာသည် ဘုရားသခင်၏ အုပ်စိုးခြင်းအကြောင်း ဖြစ်သော်လည်း၊ ဤအရာသည် ဤစာစောင်များ၏ အလယ်ဗဟိုကျသော ဗဟိုပြုချက်နှင့် အခြေခံ တည်ဆောက်ပုံ မဟုတ်ပါ။ ဘုရားသခင်၏ အုပ်စိုးမှုနှင့်စပ်လျဉ်းသည့် အရာခပ်သိမ်းသည် ကျွန်ုပ်တို့အား ဤစာစောင်များ၏ အလယ်ဗဟိုကျသော ဗဟိုပြုချက်နှင့် အခြေခံတည်ဆောက်ပုံသို့ ပြန်လည် ခေါ်ဆောင်ပေးသင့်သည် - ယင်းမှာ ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်းငှာ သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့ အပြည့်အဝမွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။**

A. ပေတရု ပထမနှင့် ဒုတိယစာစောင်တို့၏ အလယ်ဗဟိုကျသော ဗဟိုပြုချက်နှင့် အခြေခံ တည်ဆောက်ပုံမှာ စွမ်းအားပေးသော သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ ရွေးချယ်ခံများကို သုံးပါးတစ်ပါးဘုရားအား အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ခေါ်ဆောင်ရန် ကိုယ်တော်၏စီမံကိန်း၌ ပြုပြင်လုပ်ဆောင်နေခြင်းပင် ဖြစ်သည်။ စိတ်နှလုံး၏ ဝှက်ထားသောလူအဖြစ် ကျွန်ုပ်တို့၏ လူသားဝိညာဉ်နှင့် ဘုန်းတော်၏ဝိညာဉ်တော်နှင့် ခရစ်တော်၏ဝိညာဉ်တော်အဖြစ် ဘုရားသခင်၏ ဝိညာဉ်တော်တို့သည် ကျွန်ုပ်တို့က ကိုယ်တော်၏ဘုရားဆိုင်ရာသဘောသဘာဝ၌ ကျွန်ုပ်တို့၏ဝေစုအဖြစ် ဘုရားသခင်ကို ယူဆောင်စားသုံးခြင်းအတွက် နည်းလမ်းဖြစ်သည် - ၁ပေ၊၁း၂-၃၊ ၅၊ ၁၁။ ၂း၁-၃၊ ၅၊ ၉။ ၃း၄။ ၄း၁၄။ ၅း၁၀။ ၂ပေ၊၁း၄။

B. ပေတရု ပထမနှင့် ဒုတိယစာစောင်တို့၏ အလယ်ဗဟိုကျသော ဗဟိုပြုချက်နှင့် အခြေခံ တည်ဆောက်ပုံမှာ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ ပြည့်စုံသော ကယ်တင်ခြင်း ပြီးပြည့်စုံစေရန် လုပ်ဆောင်ခြင်း ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသစ်မွေးဖွားခံရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို စားသုံးနိုင်မည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကြီးထွားခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ တည်ဆောက်ခံခြင်းရှိပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကိန်းဝပ်ရာနေရာကို ရရှိ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားစေရန် ဘုန်းထင်ရှားခြင်း ရှိနိုင်မည်ဖြစ်သည် - ၁ပေ၊၁း၂၃။ ၂း၁-၅၊ ၉။

C. ပေတရုသည် ယောဟန်၊ ပေါလုနှင့် သူကိုယ်တိုင် (သူတို့၏ ပုံစံ၊ အသုံးအနှုန်း၊ ဖော်ပြပြောဆိုချက်၊ သူတို့၏အမြင် သွင်ပြင်အချို့နှင့် သူတို့၏သွန်သင်ခြင်းကို တင်ဆက်ပုံနည်းတို့မှာ မတူညီကြသော်လည်း) အစရှိသော ကနဦးတမန်တော်များသည် တူညီသော၊ တုနှိုင်းရာမဲ့သော အမှုတော်၊ ဓမ္မသစ်အမှုတော်၌ ပါဝင်ဆက်နွယ်ခဲ့ကြကြောင်း ရဲရင့်စွာဖြင့် ဝန်ခံခြင်းရှိခဲ့သည် - ၂ပေ၊၁း၁၂-၂၁။ ၃း၂၊ ၁၅-၁၆။ ၂ကော၊၃း၆၊ ၈-၉။ ၄း၁။

D. ထိုသို့သောအမှုတော်သည် လူများထံသို့ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို ၎င်း၏ ဗဟိုပြုချက်အဖြစ် အမှုဆောင်ပြီး၊ ကိုယ်တော်သည် လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်မှာ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ကို ဖြတ်ကျော်ပြီးနောက် ခရစ်တော်၏ရွေးနုတ်ခြင်းမှတစ်ဆင့် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တော်၏ရွေးနုတ်ခံလူများအထဲသို့ အသက်၏ တုနှိုင်းရာ

မဲ့ဝေစု၊ သူတို့၏အသက်မစရာနှင့် အရာခပ်သိမ်းအဖြစ် မိမိကိုယ်တော်တိုင် ဝေငှဖြန့်ဖြူးခဲ့သည်၊ ယင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်ပြီး၊ ယင်းသည် ခမည်းတော်၏ ထာဝရအကြံအစည်တော်အတိုင်း သုံးပါးတစ်ပါးဘုရား၏ အပြည့်အဝ ထင်ရှားခြင်း၊ ပြည့်ဝပြည့်စုံခြင်း၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - တ၂း၃၆။ ၃း၁၃၊ ၁၅။ ၁၀း၃၆။ ၁ပေ၊၁း၂-၃၊ ၁၈-၁၉၊ ၂၃။ ၂း၂-၅၊ ၇၊ ၉၊ ၂၅။ ၃း၇။ ၄း၁၀၊ ၁၇။ ၅း၂၊ ၄၊ ၁၀။ ၂ပေ၊၁း၂-၄။ ၃း၁၈။

**III. ပေတရုက အခန်းရှစ်ခန်းသာ ပါဝင်သော သူ၏ဩဝါဒစာစောင်နှစ်ခုလုံး၌ ဘုရားသခင်၏စီမံကိန်းတစ်ခုလုံး၊ မြေကြီးတိုက်မြစ်မတည်မီ ထာဝရအတိတ်ကာလမှစ၍ (၁ပေ၊၁း၂၊ ၂၀) ထာဝရအနာဂတ်၌ ကောင်းကင်သစ်နှင့် မြေကြီးသစ်အထိ (၂ပေ၊၃း၁၃) ခြုံငုံပြောဆိုထားသည်။ သူသည် ဘုရားသခင်၏စီမံကိန်းနှင့်ဆက်နွှယ်သည့် အရေးကြီးသောအရာများ၊ ပရောဖက်များ ပရောဖက်ပြုထားခဲ့သော၊ တမန်တော်များ ဟောပြောခဲ့သော (၁ပေ၊၁း၁၀-၁၂) အရာများနှင့်စပ်လျဉ်း၍ ဘက်လေးဖက်မှ ဖွင့်ပြပေးထားသည်။**

A. သုံးပါးတစ်ပါးဘုရားဘက်ခြမ်းမှ -

1. ခမည်းတော် ဘုရားသခင်သည် လူများကို ထာဝရကာလ၌ ကိုယ်တော်၏ ကြိုတင်သိမြင်တော်မူခြင်းအတိုင်း (အငယ်၊ ၁-၂။ ၂း၉) ရွေးချယ်ခဲ့ပြီး၊ ကိုယ်တော်၏ဘုန်းတော်အထဲသို့ သူတို့ကို ခေါ်တော်မူခဲ့သည် (၂ပေ၊၁း၃)။
2. မြေကြီးတိုက်မြစ်မချမီက ဘုရားသခင်အားဖြင့် ကြိုတင်သိမြင်တော်မူပြီး နောက်ဆုံးသောကာလ၌ ထင်ရှားပေါ်ထွန်းသော ခရစ်တော်သည် (၁ပေ၊၁း၂၀) ဘုရားသခင်၏ ရွေးချယ်ခံလူများကို ရွေးနုတ်ကာ ကယ်တင်ခဲ့ပြီး (အငယ်၊၁၈-၁၉၊ ၂)၊ ယင်းမှာ ကိုယ်တော်၏ ကိုယ်စားအသေခံခြင်းအားဖြင့် (၂း၂၄။ ၃း၁၈) အသက်၌ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် တန်ခိုး၌ တက်ကြွခြင်းမှတစ်ဆင့် ဖြစ်သည် (၁း၃။ ၃း၂၁-၂၂)။
3. ကောင်းကင်မှစေလွှတ်သော ဝိညာဉ်တော်သည် ခရစ်တော်က ရွေးနုတ်ကာ ကယ်တင်ခဲ့သောသူများကို သန့်ရှင်းစင်ကြယ်စေ၍၊ သန့်စင်ပေးခဲ့သည် (၁း၂၊ ၁၂၊ ၂၂။ ၄း၁၄) - ကောင်းကင်တမန်များသည် ဤအရာများကို စေ့စေ့ကြည့်ရှုရန် တောင့်တခဲ့ကြသည် (၁း၁၂)။
4. သုံးပါးတစ်ပါးဘုရား၏ ဘုရားဆိုင်ရာတန်ခိုးတော်သည် ရွေးနုတ်ခံလူများအား အသက်နှင့် ဘုရားဝတ်မွေ့လျော်ခြင်းဆိုင်ရာ အရာအားလုံးဖြင့် မစပေးကာ (၂ပေ၊၁း၃-၄)၊ သူတို့ကို ပြည့်စုံသောကယ်တင်ခြင်းသို့ စောင့်ကြပ်ပေးသည် (၁ပေ၊၁း၅)။
5. ဘုရားသခင်သည် သူတို့ကို ဆုံးမတော်မူခြင်းလည်းရှိပြီး (၅း၆)၊ ယင်းမှာ ကိုယ်တော်၏ အုပ်စိုးမှုဆိုင်ရာ တရားစီရင်ခြင်းအားဖြင့် (၁း၁၇။ ၂း၂၃။ ၄း၅-၆၊ ၁၇။ ၂ပေ၊၂း၃-၄၊ ၉။ ၃း၇) ဖြစ်၍၊ ကိုယ်တော်၏ ခပ်သိမ်းသော ကျေးဇူးတော်အားဖြင့် သူတို့ကို စုံလင်စေခြင်း၊ တည်စေခြင်း၊ ခွန်အားပေးခြင်းနှင့် အခြေကျစေခြင်း ရှိလိမ့်မည်ဖြစ်သည် (၁ပေ၊၅း၁၀)။
6. သခင်ဘုရားသည် သူတို့ထံသို့ ကြာရှည်သည်းခံခြင်း ရှိတော်မူသည်၊ သို့မှသာ သူတို့အားလုံးသည် ကယ်တင်ခြင်းသို့တိုင် နောင်တရရန် အခွင့်အရေးရှိနိုင်မည်ဖြစ်သည် - ၂ပေ၊၃း၉၊ ၁၅။
7. ထို့နောက် ခရစ်တော်သည် ကိုယ်တော်၏ ချစ်သူများအတွက် ပြည့်စုံသောကယ်တင်ခြင်းနှင့်အတူ ဘုန်းတော်၌ ပေါ်ထွန်းလာလိမ့်မည်ဖြစ်သည် - ၁ပေ၊၁း၅၊ ၇-၉၊ ၁၃။ ၄း၁၃။ ၅း၄။

B. ယုံကြည်သူများဘက်ခြမ်းမှ -

1. ဘုရားသခင်၏ပိုင်ဆိုင်မှုအဖြစ် ယုံကြည်သူများသည် ဘုရားသခင်အားဖြင့် ရွေးချယ်ခြင်း (၁း၂။ ၂း၉)၊ ကိုယ်တော်၏ဘုန်းတော်နှင့် ကောင်းမြတ်ခြင်းအားဖြင့် ခေါ်တော်မူခြင်း (အငယ်၊၉၊ ၃း၉။ ၂ပေ၊၁း၃၊ ၁၀)၊ ခရစ်တော်အားဖြင့် ရွေးနုတ်ခြင်း (၁ပေ၊၁း၁၈-၁၉)၊ အသက်ရှင်သော နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်အားဖြင့် အသစ်တစ်ဖန်မွေးဖွားခြင်း (အငယ်၊၃၊ ၂၃) နှင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကယ်တင်ခံရခြင်း (၃း၂၁) ရှိကြသည်။
2. သူတို့သည် ယခုတွင် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် စောင့်ကြပ်ခံရခြင်း (၁း၅)၊ အချင်းချင်း ချစ်ရန် စင်ကြယ်ခံရခြင်း (အငယ်၊၂၂)၊ နှုတ်ကပတ်တော်နို့ကို စားသုံးခြင်းအားဖြင့် ကြီးထွားခြင်း (၂း၂)၊ အသက်၌ ဝိညာဉ်ရေးရာ ကောင်း

မြတ်ခြင်းများ တိုးတက်လာခြင်း (၂ပေ၊၁း၅-၈) နှင့် ဘုရားသခင်ကို အစေခံရန် ဝိညာဉ်ဆိုင်ရာအိမ်၊ သန့်ရှင်းသောယဇ်ပုရောဟတ်အရာအထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲကာ တည်ဆောက်ခံရခြင်း (၁ပေ၊၂း၄-၅၊ ၉) ရှိကြသည်။

3. သူတို့သည် ဘုရားသခင်၏ ရွေးချယ်ခံအမျိုး၊ တော်ဝင်ယဇ်ပုရောဟိတ်အရာ၊ သန့်ရှင်းသော လူမျိုးနှင့် ကိုယ်တော်၏ ကောင်းမြတ်ခြင်းများကို ထင်ရှားစေရန် ကိုယ်တော်၏ သီးသန့်ပိုင်ဆိုင်မှုအတွက် အထူးဖြစ်သောလူများ ဖြစ်ကြသည် - အငယ်၊၉။
4. သူတို့သည် ကိုယ်တော်၏ အုပ်စိုးမှုဆိုင်ရာ တရားစီရင်ခြင်းအားဖြင့် ဆုံးမခံရခြင်း (၁း၁၇။ ၂း၁၉-၂၁။ ၃း၉၊ ၁၄၊ ၁၇။ ၄း၆၊ ၁၂-၁၉။ ၅း၆၊ ၉)၊ ကိုယ်တော်ကို ဘုန်းထင်ရှားစေရန် သာလွန်ထူးမြတ်သော အပြုအမူနှင့် ဘုရားဝတ်မွေ့လျော်ခြင်း၌ သန့်ရှင်းသောအသက်တာကို အသက်ရှင်ခြင်း (၁း၁၅။ ၂း၁၂။ ၃း၁-၂)၊ ခရစ်တော်မှတစ်ဆင့် ကိုယ်တော်၏ဘုန်းထင်ရှားခြင်းအတွက် ကိုယ်တော်၏အထူးထူးအပြားပြားသော ကျေးဇူးတော်၏ ကောင်းသော ဘဏ္ဍာစိုးများအဖြစ် (၄း၁၀-၁၁) - အသက်ကြီးသူများ၏ စံပြုထိုက်သော ထိန်းကျောင်းခြင်းအောက်၌ (၅း၁-၄) - အမှုဆောင်ခြင်းနှင့် သခင်ဘုရား၏ ကြွလာခြင်းကို စောင့်မျှော်ခြင်းနှင့် လျင်မြန်စေခြင်း (၁း၁၃။ ၂ပေ၊၃း၁၂) ရှိကြကာ၊ ယင်းမှာ သခင်ဘုရား၏ ထာဝရနိုင်ငံတော်အထဲသို့ ဝင်ရခြင်းနှင့်အတူ ကြွယ်ဝစွာ မစခံရရန်အလို့ငှာ ဖြစ်သည် (၁း၁၁)။
5. ထို့မျှမက၊ သူတို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း စောင့်မျှော်နေကြပြီး၊ ယင်း၌ ထာဝရကာလပတ်လုံး ဖြောင့်မတ်ခြင်း တည်ရှိကာ (၃း၁၃)၊ သူတို့သည် ကျွန်ုပ်တို့၏သခင်နှင့် ကယ်တင်ရှင် ယေရှုခရစ်တော်၏ ကျေးဇူးတော်နှင့် ကိုယ်တော်ကို သိကျွမ်းခြင်း၌ စဉ်ဆက်မပြတ် ကြီးထွားနေကြသည် (အငယ်၊၁၈)။

C. စာတန်ဘက်ခြမ်းမှ - စာတန်သည် ယုံကြည်သူများ၏ ရန်ဘက်၊ မာရ်နတ်ဖြစ်ကာ၊ သူသည် ဟောက်သောခြင်္သေ့ကဲ့သို့ လှည့်လည်သွားလာလျက်၊ အဘယ်သူကို ဝါးမျိုးရမည်နည်းဟု ရှာဖွေလျက်ရှိသည် - ၁ပေ၊၅း၈။

D. စကြဝဠာဘက်ခြမ်းမှ -

1. ကျဆင်းသော ကောင်းကင်တမန်များသည် စီရင်ခြင်းခံရပြီး၊ ထာဝရ တရားစီရင်ခြင်းကို စောင့်ဆိုင်းလျက် နေကြသည် (၂ပေ၊၂း၄)။ ရှေးက ဘုရားမဲ့သော လောကသည် ရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးခံရသည် (အငယ်၊၅။ ၃း၆)။ ဘုရားမဲ့သောမြို့များသည် ပြာဖြစ်သွားခဲ့ကြသည် (၂း၆)။ လွဲမှားသော သွန်သင်သူများနှင့် အယူလွဲခြင်း၌ အယူလွဲသော ပြက်ရယ်ပြုသူများ၊ ဆိုးညစ်သော အသက်ရှင်ခြင်းရှိသည့် လူသားမျိုးနွယ် အားလုံးတို့သည် ဖျက်ဆီးခြင်းသို့တိုင် တရားစီရင်ခံရကြမည်ဖြစ်သည် (အငယ်၊၁၊ ၃၊ ၉-၁၀၊ ၁၂။ ၃း၃-၄၊ ၇။ ၁ပေ၊၄း၅)။ ကောင်းကင်များနှင့် မြေကြီးသည် လောင်ကျွမ်းသွားမည်ဖြစ်သည် (၂ပေ၊၃း၇၊ ၁၀-၁၁)။ သေလွန်ပြီးသောလူများနှင့် နတ်ဆိုးများအားလုံးသည် တရားစီရင်ခံရလိမ့်မည်ဖြစ်သည် (၁ပေ၊၄း၅)။
2. ထို့နောက် ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် စကြဝဠာအသစ်အဖြစ် ထွက်ပေါ်လာပြီး၊ ယင်း၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် ထာဝရကာလပတ်လုံး တည်ရှိလိမ့်မည်ဖြစ်သည် - ၂ပေ၊၃း၁၃။ ညွှန်း၊ ဟေရှာ၊၁း၂၆။

*© 2024 Living Stream Ministry*

Message Two

## ဘုရားသခင်၏အုပ်စိုးမှုအောက်၌ ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊၁း၁၇။ ၂း၂၁-၂၄။ ၄း၁၇-၁၉။ ၅း၆

**I. ပေတရုပထမနှင့်ဒုတိယစာစောင်တို့သည် ဘုရားသခင်၏ စကြဝဠာဆိုင်ရာအုပ်စိုးမှုအကြောင်း ပြောထားသည်။**

A. ပေတရုပထမစာစောင်၏ အကြောင်းအရာသည် ဘုရားသခင်၏အုပ်စိုးမှုအောက်၌ရှိသော ခရစ်ယာန်အသက်တာဖြစ်ပြီး၊ အထူးသဖြင့် ကိုယ်တော်၏ရွေးချယ်ခံလူများကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏အုပ်စိုးမှုကို ပြသထားသည် - ၁း၂။

B. ပေတရုဒုတိယစာစောင်၏ အကြောင်းအရာမှာ ဘုရားဆိုင်ရာခွဲဝေစီမံမှုနှင့် ဘုရားဆိုင်ရာအုပ်စိုးမှုဖြစ်ပြီး၊ ဘုရားသခင်က ကျွန်ုပ်တို့ကို အုပ်စိုးနေစဉ်၊ ကျွန်ုပ်တို့လိုအပ်သမျှ ကိုယ်တော်ထောက်ပံ့မစပေးနေကြောင်း ပြသထားသည် - ၁း၁-၄။ ၃း၁၃။

C. ဘုရားသခင်သည် တရားစီရင်ခြင်းအားဖြင့် အုပ်စိုးသည်။ ဘုရားသခင်၏တရားစီရင်ခြင်းသည် ကိုယ်တော်၏အုပ်စိုးမှုကို သယ်ဆောင်ခြင်းအတွက်ဖြစ်သည် - ၁ပေ၊၁း၁၇။ ၄း၁၇။

1. ပေတရုပထမနှင့် ဒုတိယစာစောင်တို့သည် ဘုရားသခင်၏အုပ်စိုးမှုနှင့် ဆက်နွှယ်နေသောကြောင့် ဤသြဝါဒစာစောင်များ၌ ဘုရားသခင်နှင့် သခင်ဘုရား၏ တရားစီရင်ခြင်းသည် အဓိကအခြေခံကျသော အချက်များမှ တစ်ခုအဖြစ် ထပ်ခါတလဲလဲ ရည်ညွှန်းထားလေသည် - ၁ပေ၊၂း၂၃။ ၄း၅-၆၊ ၁၇။ ၂ပေ၊၂း၃-၄၊ ၉။ ၃း၇။

2. အမျိုးမျိုးသော တရားစီရင်ခြင်းများမှတစ်ဆင့် သခင်ဘုရား ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ရှင်းလင်းကာစင်ကြယ်စေမည်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် ကိုယ်တော်၏နှစ်သက်အားရခြင်းအဖို့ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဖြင့် ပြည့်ဝနေသော စကြဝဠာအသစ်အတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ရရှိနိုင်မည်ဖြစ်သည် - အငယ်၊၁၃။

D. ခမည်းတော်အားဖြင့် စီရင်လုပ်ဆောင်သည့် ၁ပေတရု ၁း၁၇ ရှိ တရားစီရင်ခြင်းသည် အနာဂတ် တရားစီရင်ခြင်းမဟုတ်ဘဲ ကိုယ်တော်၏သားသမီးများကို ဘုရားသခင်၏ အုပ်စိုးမှုဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်း၏ မျက်မှောက်ဖြစ်သော၊ နေ့စဉ်ဖြစ်သော တရားစီရင်ခြင်းဖြစ်သည်။

1. ခမည်းတော်သည် ကျွန်ုပ်တို့ကို အသစ်မွေးဖွားပြီး သန့်ရှင်းသောမိသားစု - သန့်ရှင်းသောခမည်းတော်နှင့် သန့်ရှင်းသော သားသမီးများကို ထုတ်လုပ်ခဲ့သည် - အငယ်၊၃၊ ၁၅၊ ၁၇။

2. သန့်ရှင်းသောသားသမီးများအဖြစ် ကျွန်ုပ်တို့သည် သန့်ရှင်းသော အသက်တာအပြုအမူ၌ လျှောက်လှမ်းသင့်ပါသည် (အငယ်၊၁၅-၁၆)။ ထိုသို့မဟုတ်လျှင် ခမည်းတော်ဘုရားသခင်သည် ကိုယ်တော်၏တရားစီရင်ခြင်း၌ တရားသူကြီးဖြစ်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ မသန့်ရှင်းခြင်းကို ဆက်ဆံဖြေရှင်းလိမ့်မည်ဖြစ်သည် (၄း၁၅-၁၇။ ဟေဗြဲ၊၁၂း၉-၁၀)။

E. ဘုရားသခင်၏တရားစီရင်ခြင်း၌ ဆုံးမခြင်းဆိုင်ရာ တရားစီရင်ခြင်းသည် ဘုရားသခင်၏ အိမ်တော်မှ အစပြုသည် - ၁ပေ၊ ၄း၁၇။

1. ဘုရားသခင်သည် ကိုယ်တော်၏အုပ်စိုးမှုနှင့် ကိုက်ညီမှုမရှိသော အရာခပ်သိမ်းကို တရားစီရင်တော်မူသည်။ ထို့ကြောင့် ဤခေတ်၌ ဘုရားသခင်၏သားသမီးများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နေ့စဉ် တရားစီရင်ခြင်းအောက်၌ ရှိကြသည် - ၁း၁၇။

2. ဘုရားသခင်သည် ကိုယ်တော်၏ အုပ်စိုးမှုဆိုင်ရာ စီမံခန့်ခွဲခြင်း၏ တရားစီရင်ခြင်း၌ ယုံကြည်သူများကို ဆက်ဆံဖြေရှင်းရန် အလွန်ပူပြင်းသော ဒုက္ခဆင်းရဲများကို အသုံးပြုသည်၊ ယင်းမှာ ကိုယ်တော်တိုင်၏အိမ်တော်မှ အစပြုသည် - ၄း၁၂၊ ၁၇။

3. ဤတရားစီရင်ခြင်း၏ အကြံအစည်မှာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဘုရားသခင်အတိုင်း အသက်ရှင်ကြရန်ဖြစ်သည် - အငယ်၊၆။

**II. ပေတရု၏ရေးသားချက် အဖိုးထိုက်တန်မှုမှာ သူက ခရစ်ယာန်အသက်တာနှင့် ဘုရားသခင်၏အုပ်စိုးမှုကို အတူပေါင်းထားပြီး၊ ခရစ်ယာန်အသက်တာနှင့် ဘုရားသခင်၏အုပ်စိုးမှုသည် အတွဲတစ်တွဲအဖြစ် အတူတကွ သွားနေကြောင်း ဖွင့်ပြထားသည် - ၁ပေ၊၁း၁၇။ ၂း၂၁၊ ၂၄။ ၃း၁၅။ ၄း၁၇။ ၅း၅-၈။**

A. သုံးပါးတစ်ပါးဘုရားသည် ခရစ်တော်၌ ရှည်လျားသည့် ဖြစ်စဉ်ကို ဖြတ်ကျော်ခဲ့ပြီး၊ ကျွန်ုပ်တို့၌ကိန်းဝပ်ရန် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သည်။ ဤအရာသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာအတွက် ဖြစ်သည် - ယော၊၁း၁၄။ ၁၄း၁၇။ ၁ကော၊၁၅း၄၅ခ။ ဗ်း၁၇။

B. တစ်ချိန်တည်းမှာပင် သုံးပါးတစ်ပါးဘုရားသည် စကြဝဠာ၏ ဖန်ဆင်းရှင်နှင့် အစိုးရသူ ဖြစ်နေဆဲ ဖြစ်သည် - ၁ပေ၊၄း၁၉။

C. ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာအသက်ရှိရန်နှင့် ဖန်ဆင်းခြင်းအသစ်ဖြစ်ရန် ဘုရားသခင်၏ မွေးဖွားခြင်း ခံရပြီးဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအဟောင်း၌ ရှိနေဆဲဖြစ်သည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅-၆။ ၂ကော၊၅း၁၇။

1. ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အုပ်စိုးမှုဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်းများကို လိုအပ်နေသည် - ၁ပေ၊၁း၁၇။

2. ခရစ်ယာန်အသက်တာ ကြီးထွားလာရန်အဖို့အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင့်အုပ်စိုးမှု၏ စီရင်ဆုံးမခြင်းကို လိုအပ်သည် - ၂း၂။ ၄း၁၇။ ၂ပေ၊၁း၅-၇။

**III. သခင်ယေရှုသည် မြေကြီးပေါ်ရှိစဉ်က ကိုယ်တော်သည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် အကြွင်းမဲ့ရှိသော လူသားအသက်တာကို အသက်ရှင်ခဲ့ကာ၊ ကိုယ်တော်နှင့်ဆက်နွယ်သည့် အရာခပ်သိမ်းကို ဘုရားသခင်၏အုပ်စိုးမှုသို့ အပ်နှံထားခဲ့သည် - ယော၊ဖ်း၃၈။ ၁ပေ၊၂း၂၁-၂၃။**

A. သခင်ဘုရားသည် သူခံရသော စော်ကားခြင်းများနှင့်  နစ်နာခြင်းများအားလုံးကို ကိုယ်တော်၏အုပ်စိုးတော်မူခြင်း၌ ဖြောင့်မတ်စွာ စီရင်သောသူ တည်းဟူသော ဖြောင့်မတ်သည့် ဘုရားသခင်ထံ အစဉ်အပ်နှင်းခဲ့သည်၊  ကိုယ်တော်သည် ထိုဘုရားသခင်ထံ မိမိကိုယ်ကို အပ်နှံခဲ့ပြီး၊ ထိုဖြောင့်မတ်သော ပုဂ္ဂိုလ်၌ ကိုးစားခဲ့ကာ ကိုယ်တော်၏အုပ်စိုးခြင်းကို သိမှတ်နားလည်ခဲ့သည် - အငယ်၊ ၂၃။

B. ဘုရားသခင်သည် လူဖြစ်သော ခရစ်တော်ကို အကြံပေးသောအခါ၊ ခရစ်တော်၏ အတွင်းအစိတ်အပိုင်းများသည် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝတည်းရှိခဲ့ပြီး၊ ဘုရားသခင်နှင့်အတူ ဆက်သွယ်ခြင်းမှတစ်ဆင့် သွန်သင်ပြသခံရသည် - ဆာ၊ ၁၆း၇။ ဟေရှာ၊၅၀း၄။

**IV. ခရစ်တော်၌ ယုံကြည်သူများနှင့် ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အုပ်စိုးမှုအောက်၌ ခရစ်ယာန်အသက်တာကို အသက်ရှင်သင့်သည် - ယော၊၃း၁၅။ ၁း၁၂-၁၃။ ၁ပေ၊၄း၁၃-၁၉။ ၅း၆-၈။**

A. ပေတရု၏စာစောင်များသည် ဆင်းရဲဒုက္ခများမှတစ်ဆင့် စီမံခန့်ခွဲသော ဘုရားသခင်၏ အုပ်စိုးခြင်းဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်းများကို ယူဆောင်ရန် ကျွန်ုပ်တို့အား တတ်စွမ်းစေသော  ခရစ်တော်ကို ဖွင့်ပြထားသည် - ၁ပေ၊၁း၆-၈။ ၂း၃-၄၊ ၁၉၊ ၂၁-၂၅။ ၃း၁၈၊ ၂၂။ ၄း၁၊ ၁၅-၁၆။ ၅း၈-၉။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လှည့်လည်သွားလာခြင်းအချိန်ကာလကို သန့်ရှင်းသောကြောက်ရွံ့ခြင်း၌ ဖြတ်ကျော်သင့်သည်၊ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်တာအပြုအမူအားလုံး၌ သန့်ရှင်းဖို့ ကျွန်ုပ်တို့ကို ဦးဆောင်ရန်အလို့ငှာ ကောင်းမွန်သော၊ လေးနက်သော အခြေအနေ၌ ဖြစ်သည် - ၁း၁၅၊ ၁၇။

C. ကျွန်ုပ်တို့သည် ဘုရားသခင်၏အုပ်စိုးမှုကို သယ်ဆောင်သော ဘုရားသခင်၏ တန်ခိုးကြီးသည့် လက်တော်အောက်၌ နှိမ့်ချမှုရှိသင့်သည် - ၅း၆။

1. အပိုဒ်ငယ် ၆ ရှိ *တန်ခိုးကြီးသော လက်တော်* သည် ကိုယ်တော်၏စီရင်ခြင်း၌ အထူးသဖြင့် မြင်တွေ့ရသည့် ဘုရားသခင်၏ စီမံခန့်ခွဲသော လက်တော်ကို ရည်ညွှန်းသည် - ၁း၁၇။ ၄း၁၇။

2. တန်ခိုးကြီးသော လက်တော်အောက်၌ နှိမ့်ချခြင်းရှိရန်မှာ ဘုရားသခင်အားဖြင့် နှိမ့်ချစေခြင်း ဖြစ်သည်၊ သို့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပြုပြင်လုပ်ဆောင်ခြင်း၌ ပူပေါင်းပါဝင်ပြီး၊ ကိုယ်တော်၏တန်ခိုးကြီးသော လက်တော်၌ နှိမ့်ချသော၊ ဖြည်းညှင်းသော သဘောရှိလိုသည့် ဆန္ဒရှိရမည် ဖြစ်သည် - ၅း၆။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်များကို သစ္စာနှင့်ပြည့်စုံသော ဖန်ဆင်းရှင်ထံ အပ်နှံသင့်ပါသည် - ၄း၁၉။

1. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်ကို စောင့်ထိန်းနိုင်ပြီး၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် သစ္စာရှိခြင်းသည် ကိုယ်တော်၏အုပ်စိုးခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း၌ ဖြောင့်မတ်မှန်ကန်စွာ ကြည့်ရှုဂရုစိုက်ပေးနေသည်။

2. ဘုရားသခင်သည် သူ၏အုပ်စိုးခြင်း၌ ကျွန်ုပ်တို့ကို စီရင်နေစဉ်၊ ကိုယ်တော်သည် သူ၏ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့ကို သစ္စာရှိစွာ ဂရုစိုက်ပေးနေသည်၊ ကျွန်ုပ်တို့ ကိုယ်တော်၏ ဆုံးမခြင်းဆိုင်ရာ စီရင်ခြင်းကို ခံစားရသောအခါ၊ ကျွန်ုပ်တို့၏ စိတ်များကို ဖန်ဆင်းရှင်၏ သစ္စာစွာ ဂရုစိုက်ပေးခြင်း၌ အပ်နှံထားသင့်ပါသည် - မ၁၀း၂၈။ ၁၁း၂၈-၂၉။

E. ခရစ်တော်၏အသေခံခြင်း၌ ကျွန်ုပ်တို့သည် အပြစ်များထံသို့ သေခဲ့ပြီးဖြစ်သည်၊ သို့မှသာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏အုပ်စိုးမှုအောက်ရှိ ဖြောင့်မတ်ခြင်းသို့ အသက်ရှင်နိုင်လိမ့်မည်ဖြစ်သည် - ၁ပေ၊၂း၂၄။

1. ဘုရားသခင်၏အုပ်စိုးခြင်းသည် ဖြောင့်မတ်ခြင်းအပေါ်တွင် တည်ဆောက်ထားသည် (ဆာ၊၈၉း၁၄က)၊ ကိုယ်တော်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ကြသော ဘုရားသခင်၏လူများဖြစ်သည့် ကျွန်ုပ်တို့သည် ဖြောင့်မတ်သော အသက်တာကို အသက်ရှင်ရမည်ဖြစ်သည်။

2. *ဖြောင့်မတ်ခြင်းသို့ အသက်ရှင်ခြင်း* ဟူသောဖော်ပြချက်မှာ ဘုရားသခင်၏ အုပ်စိုးခြင်းဆိုင်ရာ တောင်းဆိုမှုကို ပြည့်စုံစေခြင်းနှင့် ဆက်နွယ်နေသည် - ၁ပေ၊ ၂း၂၄။

a. ကျွန်ုပ်တို့သည် ကယ်တင်ခံရကြသည်၊ သို့မှသာ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် မှန်ကန်စွာ အသက်ရှင်နိုင်မည်၊ ဆိုလိုသည်မှာ ကိုယ်တော့်အုပ်စိုးခြင်း၏ ဖြောင့်မတ်သော တောင်းဆိုမှုများနှင့် ကိုက်ညီသော နည်းလမ်း၌ရှိရမည် ဖြစ်သည်။

b. ခရစ်တော်၏အသေခံခြင်း၌ ကျွန်ုပ်တို့သည် အပြစ်များမှခွဲခြားခံခဲ့ရကြပြီး၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ကို ပြည်လည်ရှင်သန်စေခဲ့ပြီဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အုပ်စိုးခြင်းအောက်တွင် ဖြောင့်မတ်ခြင်းသို့ အလိုအလျောက် အသက်ရှင်နိုင်မည်ဖြစ်သည် - ရော၊ ၆း၈၊ ၁၀-၁၁၊ ၁၈။ ၈၊၂း၆။ ယော၊၁၄း၁၉။ ၂တိ၊ ၂း၁၁။

*© 2024 Living Stream Ministry*

Message Three

## ပေတရု၏ဩဝါဒစာစောင်များ၌ရှိသော အသက်နှင့် တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊၁း၈။ ၂း၁-၅၊ ၉။ ၂ပေ၊၁း၃-၄

**I. ပေတရု ဩဝါဒစာစောင်များနှင့် ကျမ်းစာတစ်ခုလုံး၏ အလယ်ဗဟိုစဉ်းစားချက်မှာ အသက်နှင့် တည်ဆောက်ခြင်းဖြစ်သည် - ၁ပေ၊၁း၂၃။ ၂း၂-၅။ ၂ပေ၊၁း၃-၄။**

A. အသက်သည် ခရစ်တော်၌ ကိုယ်ထင်ရှားသည့် သုံးပါးတစ်ပါးဖြစ်၍ ဝိညာဉ်တော်အဖြစ် သိနားလည်ရကာ၊ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်အတွက် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်းဖြစ်ပြီး၊ တည်ဆောက်ခြင်းသည် ဘုရားသခင်၏စုပေါင်းထင်ရှားခြင်းအတွက် ဘုရားသခင်၏ ကြီးမားလာခြင်းနှင့် ကျယ်ပြန့်ခြင်းအဖြစ် အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ဘုရားသခင်၏ဝိညာဉ်ဆိုင်ရာ အိမ် ဖြစ်သည် - က၊၂း၈-၉၊ ၂၂။ မ၊၁၆း၁၈။ ကော၊၂း၁၉။ ဧ၊၄း၁၆။

B. အသက်မျိုးစေ့အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့အတွင်းရှိ အသက်တန်ခိုးဖြစ်ပြီး၊ အသက်နှင့် ဘုရားဝတ်မွေ့လျော်ခြင်းနှင့် ဆက်နွယ်သောအရာအားလုံးကို ကျွန်ုပ်တို့ထံ မစပေးပြီး၊ ယင်းသည် အသက်၏ကြီးထွားခြင်းနှင့် တိုးတက်လာခြင်းမှတစ်ဆင့် အသက်၏ ကြွယ်ဝသော ပိုလျှံမှုနှင့် အသက်၏ထင်ရှားခြင်းအဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည် - ၂ပေ၊၁း၃-၄။ ညွှန်း၊ တ၊၃း၁၅။ ဓမ္မသီချင်း မြန်မာ ၁၀၀ အပိုဒ် ၄။

**II. ဘုရားသခင်၏ပန်းတိုင်မှာ အသက်ရှင်သောကျောက်များဖြင့် တည်ဆောက်ထားသည့် ဝိညာဉ်ဆိုင်ရာအိမ်ကို ရရှိဖို့ဖြစ်သည် - ၁ပေ၊၂း၅။**

A. ကျွန်ုပ်တို့ထံ အသက်ဖြစ်သော ခရစ်တော်သည် မဖောက်ပြန်မပျက်စီးသော မျိုးစေ့ဖြစ်သည်။ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကိုယ်တော်သည် အသက်ရှင်သောကျောက် ဖြစ်သည် - ၁း၂၃။ ၂း၄။

B. ပေတရု၏ ပြောင်းလဲလာချိန်၌ သခင်ဘုရားသည် သူ့အား ပေတရု - ကျောက် ဟူသော အမည်သစ်ကို ပေးခဲ့သည် (ယော၊ ၁း၄၂)။ ပေတရုသည် ခရစ်တော်နှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းကို လက်ခံရရှိခဲ့သောအခါ သခင်ဘုရားက ကိုယ်တော်သည် ကျောက်ဆောင် - ကျောက် ဖြစ်ကြောင်း ထပ်တိုးဖွင့်ပြခဲ့သည် (မ၊၁၆း၁၈)။ ဤဖြစ်ရပ်နှစ်ခုအားဖြင့် ပေတရုသည် ခရစ်တော်နှင့် ကိုယ်တော်၏ယုံကြည်သူများ နှစ်ဦးလုံးမှာ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အသက်ရှင်ကျောက်များ ဖြစ်ကြကြောင်း စွဲမှတ်ခြင်း ရှိခဲ့လေသည် (၁ပေ၊၂း၄-၈။ တ၊၄း၁၁။ ဟေရှာ၊၂၈း၁၆။ ဇာ၊၄း၇)။

C. ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် အသစ်မွေးဖွားခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှတစ်ဆင့် ခရစ်တော်၏ ပုံတူပွားခြင်းအဖြစ် အသက်ရှင်သောကျောက်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ရွှံ့မြေဖြင့် ဖန်ဆင်းခံရကြသည် (ရော၊၉း၂၁)၊ သို့သော် အသစ်မွေးဖွားချိန်၌ ဘုရားဆိုင်ရာအသက်၏ မျိုးစေ့ကို ကျွန်ုပ်တို့ရရှိကြကာ၊ ကျွန်ုပ်တို့၌ ယင်းသည် ကြီးထွားခြင်းအားဖြင့် ကျွန်ုပ်တို့ကို အသက်ရှင်သောကျောက်များအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲပေးလေသည် (၁ပေ၊၂း၅)။

**III. ဘုရားသခင်၏တည်ဆောက်ခြင်းသည် အသက်ရှင်သောကြောင့် ၎င်းသည် ကြီးထွားနေသည်။ ဘုရားသခင်၏အိမ်တော်အဖြစ် အသင်းတော်၏ အမှန်တကယ် တည်ဆောက်ခြင်းသည် ယုံကြည်သူများ အသက်၌ ကြီးထွားခြင်းအားဖြင့်ဖြစ်သည် - ဧ၊၂း၂၁။**

A. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်၌ ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ရမည်၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အလေးထားရမည်၊ အသက်၏လမ်းကြောင်းမှာ ဆက်ရှိနေဖို့ အစွမ်းသတ္တိရှိသမျှဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို စောင့်ကြပ်ရမည်ဖြစ်သည် - ၁ပေ၊၁း၈။ ၂း၂၊ ၅။ ၃း၄၊ ၁၅။ သု၊၄း၁၈-၂၃။ တရား၊၁၀း၁၂။ မာ၊၁၂း၃၀။

B. ခရစ်တော်၏အသက်ကို ကျွန်ုပ်တို့၌ အတားအဆီးမရှိဖြစ်စေလိုလျှင် ကျွန်ုပ်တို့သည် ကားတိုင်၏ ကျိုးပဲ့စေခြင်း၊ ဘုန်းတော်၏ဝိညာဉ်တော်အဖြစ် ခရစ်တော်၏ အရာအားလုံးပါဝင်သော ဝိညာဉ်တော်၌ ခရစ်တော်၏ သေစေသော အသေခံခြင်းကို တွေ့ကြုံခံစားရမည်၊ သို့မှသာ ကျွန်ုပ်တို့အတွင်းရှိ အောက်ဖော်ပြပါ အတားအဆီးများသည် ဖြေရှင်းခံခြင်းနှင့် ဖယ်ရှားခြင်း ခံရနိုင်မည်ဖြစ်သည် - ၁ပေ၊၁း၁၁။ ၄း၁၄။ ဆာ၊၁၃၉း၂၃-၂၄။

1. ခရစ်ယာန်တစ်ဦးဖြစ်ခြင်းမှာ ကျွန်ုပ်တို့၏ရည်မှန်းချက်အဖြစ် ခရစ်တော်မှလွဲ၍ အခြားမည်သည့်အရာကိုမျှ မယူဆောင်ခြင်းဖြစ်သည်။ ဤအရာအဖို့ အတားအဆီးမှာ အသက်၏လမ်းကြောင်းကို မသိရှိခြင်းနှင့် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် မယူဆောင်ခြင်း ဖြစ်သည် - မ၊၇း၁၃-၁၄။ ဖိ၊၃း၈-၁၄။ ကော၊၃း၄။ ရော၊၈း၂၈-၂၉။
2. ဒုတိယအတားအဆီးမှာ လျှို့ဝှက်ဟန်ဆောင်ခြင်းဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦး၏ ဝိညာဉ်ရေးရာရှိခြင်းသည် အပြင်ပိုင်းသွင်ပြင်အားဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို သူမည်သို့ယူဆောင်ခြင်းအားဖြင့် ဆုံးဖြတ်သည် - မ၊၆း၁-၆။ ၁၅း၇-၈။ ယော၊၅း၄၄။ ၁၂း၄၂-၄၃။ ညွှန်း၊ ယောရှု၊၇း၂၁။
3. တတိယအတားအဆီးမှာ ပုန်ကန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အရာများကို လုပ်ဆောင်ခြင်း၌ အလွန် တက်ကြွပြီး စိတ်အားကြီးခြင်း ရှိပေမည်၊ သို့သော် ကိုယ်တော်ကို မသိကျိုးကျွန်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့အတွင်းရှိ အသက်ရှင်သော ခရစ်တော်ကို အကျဉ်းချခြင်းနှင့် မနာခံခြင်း ရှိနေဆဲ ဖြစ်နိုင်သည် - ဝတ်၊၁၄း၉၊ ၁၄-၁၈။ ၁၁း၁-၂၊ ၄၆-၄၇။ ရော၊၁၆း၁၇။ ၁ကော၊၁၅း၃၃။
4. စတုတ္ထအတားအဆီးမှာ ကျွန်ုပ်တို့၏ ဇာတိ စွမ်းဆောင်ရည်များဖြစ်သည်။ ဤဇာတိစွမ်းဆောင်ရည်များသည် ကျွန်ုပ်တို့၌ မကျိုးပဲ့သေးဘဲ ကျန်ရှိနေလျှင် ခရစ်တော်၏အသက်အဖို့ ပြဿနာ ဖြစ်လာလိမ့်မည်ဖြစ်သည် - ၂း၁၄-၁၅။ ၃း၁၂၊ ၁၆-၁၇။ ယု၊၁၉။ ညွှန်း၊ ဝတ်၊၁၀း၁-၂။

C. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်၌ ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် “အမျိုးမျိုးသော ရန်ငြိုးဖွဲ့ခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်းများ၊ မနာလိုခြင်းများနှင့် ကဲ့ရဲ့ခြင်းရှိသမျှကို” ပယ်ရှားရမည်ဖြစ်သည် - ၁ပေ၊၂း၁။

D. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်၌ ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လှည့်ဖြားခြင်းကင်းသော နှုတ်ကပတ်တော်နို့ဖြင့် ကျွေးမွေးခံရမည်ဖြစ်သည် - အငယ်၊၂။

1. လှည့်ဖြားခြင်းကင်းသော နို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ပါရှိပြီး၊ ကျွန်ုပ်တို့၏ ဆင်ခြင်နိုင်စွမ်းရှိသော အသိဉာဏ်၏ နားလည်သဘောပေါက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏အတွင်းလူကို ကျွေးမွေးကာ၊ ကျွန်ုပ်တို့၏စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များအားဖြင့် ကျေညက်ခြင်း ရှိလေသည် - ရော၊၈း၆။ ညွှန်း၊ တရား၊၁၁း၁၈။
2. ကျွေးမွေးပေးသော နှုတ်ကပတ်တော်နို့သည် အသိဉာဏ်မှတစ်ဆင့် စိတ်အတွက် ဖြစ်သော်လည်း၊ ၎င်းသည် နောက်ဆုံးတွင် ဝိညာဉ်ကို ကျွေးမွေးမစပြီး၊ ကျွန်ုပ်တို့ကို စိတ်ဆိုင်ရာမဖြစ်စေဘဲ ဝိညာဉ်ဆိုင်ရာ ဖြစ်စေလျက်၊ ဘုရားသခင်၏ ဝိညာဉ်ဆိုင်ရာအိမ်တော်ကို တည်ဆောက်ခြင်းငှာ သင့်လျော်မှုရှိစေသည် - ညွှန်း၊ ၁ကော၊၂း၁၅။
3. နှုတ်ကပတ်တော်နို့ကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ၊ နှုတ်ကပတ်တော်၌ ကောင်းမြတ်ခြင်းနှင့်အတူ ဘုရားသခင်ကို မြည်းစမ်းခံစားရန် ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအမျိုးမျိုးနှင့် နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းအားဖြင့် နှုတ်ကပတ်တော်ကို လက်ခံရယူရမည်ဖြစ်သည် - ၁ပေ၊၂း၃။ ဧ၊၆း၁၇-၁၈။ ဆာ၊၁၁၉း၁၅၊ ၂၃၊ ၄၈၊ ၇၈၊ ၉၇၊ ၁၄၈။
   a. နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းမှာ ၎င်းကို ဂရုတစိုက် ဆင်ခြင်ခြင်းဖြင့် မြည်းစမ်းခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်သည် - ၁ပေ၊၂း၂-၃။ ဆာ၊၁၁၉း၁၀၃။
   b. ဆုတောင်းခြင်း၊ မိမိကိုယ်ကို စကားပြောခြင်းနှင့် သခင်ဘုရားကို ချီးမွမ်းခြင်းတို့သည်လည်း နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်း၌ ပါဝင်ရပေမည်။ နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းမှာ “စားမြုံ့ပြန်ခြင်း”ဖြစ်၍၊ များစွာဆင်ခြင်စဉ်းစားခြင်းဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံရယူခြင်းဖြစ်သည် - ဝတ်၊၁၁း၃။
4. နှုတ်ကပတ်တော်၌ ကျွေးမွေးမစသောနို့အဖြစ် ခရစ်တော်ကို စားသုံးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပြည့်ဝသော ကယ်တင်ခြင်းသို့၊ ဘုန်းထင်ရှားခြင်းအတွက် ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှတစ်ဆင့် ရင့်ကျက်ခြင်းသို့တိုင် ကြီးထွားကြသည်။ ၁ပေတရု ၂း၂ ရှိ ကယ်တင်ခြင်းသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ အကြောင်းအရာဖြစ်သည်။
5. ကျွန်ုပ်တို့သည် ကျွေးမွေးမစခံဖို့ “နို့-ခရစ်တော်”ကို မွေ့လျော်ဝမ်းမြောက်ကြသည်၊ သို့မှသာ “ကျောက်-ခရစ်တော်” အဖြစ် ကိုယ်တော်ဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခံရ၍၊ “ကိုယ်ခန္ဓာတော်-ခရစ်တော်”အဖြစ် တည်ဆောက်ခံရလျက်၊ သန့်

ရှင်းသော ယဇ်ပုရောဟိတ်အရာအထဲသို့ ဘုရားသခင်၏ဝိညာဉ်ဆိုင်ရာအိမ်ဖြစ်နိုင်မည်ဖြစ်သည် - အငယ်၊၂-၄။ ၁ကော၊၁၂း၁၂-၁၃။

**IV. သန့်ရှင်းသောယဇ်ပုရောဟိတ်အရာ၊ ယဇ်ပုရောဟိတ်များ၏ အတူညီနိုင်းလုပ်ဆောင်သောကိုယ်ခန္ဓာသည် တည်ဆောက်ခံရသော ဝိညာဉ်ဆိုင်ရာအိမ်ဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်ကိန်းဝပ်ရာအတွက် ဝိညာဉ်ဆိုင်ရာအိမ်နှင့် ကိုယ်တော်ကို အစေခံခြင်းအတွက် ယဇ်ပုရောဟိတ်ဆိုင်ရာကိုယ်ခန္ဓာ၊ စုပေါင်းထားသော ယဇ်ပုရောဟိတ်အရာကို အလိုတော်ရှိသည် - ၁ပေ၊ ၂း၅။ ထွ၊၁၉း၅-၆။**

A. ကျွန်ုပ်တို့သည် "ရွေးချယ်တော်မူသောအမျိုး၊ တော်ဝင်ဆိုင်ရာ ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော လူအပေါင်း ဖြစ်ကြ၏" (၁ပေ၊၂း၉) - *ရွေးချယ်တော်မူသောအမျိုး* သည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ဆင်းသက်လာခြင်းကို ရည်ညွှန်းပြီး၊ *တော်ဝင်ယဇ်ပုရောဟိတ်မျိုး* သည် ဘုရားသခင်ထံ ကျွန်ုပ်တို့၏အစေခံခြင်းကို ရည်ညွှန်းကာ၊ *သန့်ရှင်းသောလူမျိုး* သည် ကျွန်ုပ်တို့ ဘုရားသခင်အတွက် လူတစ်စုဖြစ်ခြင်းကို ရည်ညွှန်း၍၊ *ပိုင်ထိုက်တော်မူသောလူများ* သည် ဘုရားသခင်ထံ ကျွန်ုပ်တို့၏ အဖိုးထိုက်တန်ခြင်းကို ရည်ညွှန်းသည်။

B. ကျွန်ုပ်တို့၏ စုပေါင်းထားသော ယဇ်ပုရောဟိတ်ဆိုင်ရာ အစေခံခြင်းသည် ကျွန်ုပ်တို့အား မှောင်မိုက်ထဲက ကိုယ်တော်၏ အံ့ဖွယ်အလင်းထဲသို့ ခေါ်သွင်းတော်မူသောအရှင်၏ ကောင်းမြတ်ခြင်းများကို ဧဝံဂေလိတရားအဖြစ် ပြောထွက်ရန် ဖြစ်ပြီး (အငယ်၊၉)၊ ထိုသို့ဖြင့် ကျွန်ုပ်တို့က "ယေရှုခရစ်အားဖြင့် ဘုရားသခင် လက်ခံတော်မူရာ ဝိညာဉ်ဆိုင်ရာ ယဇ်များကို ပူဇော်" ခြင်း ရှိနိုင်မည်ဖြစ်သည် (အငယ်၊၅ခ)။ ဤဝိညာဉ်ဆိုင်ရာ ယဇ်များမှာ -

1. ဓမ္မဟောင်းပုံဆောင်ချက်များဖြစ်သော မီးရှို့ရာပူဇော်သက္ကာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ သင့်တင့်ရာပူဇော်သက္ကာ၊ အပြစ်ဖြေရာပူဇော်သက္ကာနှင့် ချီလှဲ့ရာပူဇော်သက္ကာအစရှိသော ပူဇော်သက္ကာများ အားလုံး၏ စစ်မှန်ခြင်း ဖြစ်သည့် ခရစ်တော် - ဝတ်၊၁—၅။
2. ကျွန်ုပ်တို့၏ ဧဝံဂေလိတရား ဟောပြောခြင်းအားဖြင့် ကယ်တင်ခြင်း ရရှိခဲ့ကြပြီး၊ ခရစ်တော်၏ အင်္ဂါဝင်များအဖြစ် ပူဇော်ခံရသော အပြစ်သားများ - ရော၊၁၅း၁၆။
3. ကျွန်ုပ်တို့၏ ခန္ဓာ၊ ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းများနှင့် ဘုရားသခင်အတွက် ကျွန်ုပ်တို့လုပ်ဆောင်သော အရာခပ်သိမ်း တို့ ဖြစ်သည် - ၁၂း၁။ ဟေဗြဲ၊၁၃း၁၅-၁၆။ ဖိ၊၄း၁၈။

C. သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်ဆိုင်ရာ အစေခံခြင်းအားလုံးသည် "တိုင်းတာတော်မူသော ဘုရားသခင်" အဖြစ် ကိုယ်တော်ထံမှ မူလအစပြုရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ထံမှ မဖြစ်ရပါ။ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်ဆိုင်ရာအစေခံခြင်းအားလုံးသည် ကိုယ်တော်၏ ဦးဆောင်မှုနှင့် ကိုယ်တော်၏ ကန့်သတ်ပေးခြင်းအတိုင်းဖြစ်ရမည်ဖြစ်ကာ၊ ကိုယ်တော်၏ အသေခံခြင်းကို ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်ရန် အခွင့်ပေးသည်နှင့်အမျှ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်သည် ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများအထဲသို့ ဝေငှဖြန့်ဖြူးနိုင်မည်ဖြစ်သည် - ၂ကော၊၁၀း၁၃။ ယော၊၁၂း၂၄။ ၂၁း၁၅-၂၂။ ၂ရှမွေ၊၇း၁၈၊ ၂၅၊ ၂၇။ လု၊၁း၃၇-၃၈။ *ဓမ္မသီချင်း* - မြန်မာ ၆၃၂။

*© 2024 Living Stream Ministry*

Message Four

# ခရစ်တော်၏ပုံတူမှုပွားဖြစ်လာခြင်းနှင့် ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းကြီးအဖြစ် ခရစ်တော်ကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊၂း၂၁-၂၃၊ ၂၅။ မ၊၁၁း၂၈-၃၀။ ဖိ၊၁း၂၇။ ၂း၂

**I. ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပုံသက်သေအဖြစ် ခရစ်တော်၏ ပုံတူမှုပွားဖြစ်လာကြမည် ဖြစ်သည် - ၁ပေ၊၂း၂၁။**

A. ဘုရားသခင်၏ အုပ်စိုးခြင်းအောက်၌ သခင်ယေရှု၏ အသက်ရှင်ခြင်းသည် ပုံသက်သေဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံတူမှုပွား ဖြစ်လာခြင်းအားဖြင့် ကိုယ်တော်၏ခြေရာတော်ကို လိုက်လျှောက်နိုင်မည်ဖြစ်သည် - အငယ်၊၂၁-၂၃။ ဧ၊၄း၂၀-၂၁။

B. ၁ပေ၊၂း၂၁ ရှိ *ပုံသက်သေ* အတွက် ဂရိစကားလုံးသည် စာရေးသင်ခြင်း၌ အသုံးပြုသော မူရင်းစာမူ - လက်ရေးစာမူ၊ အောက်ခံရေးဆွဲခြင်း တစ်ခုကို ရည်ညွှန်းခြင်းဖြစ်ကာ၊ ကျောင်းသားများသည် စာရေးရန် သင်ယူရာတွင် ထိုအောက်ခံပေါ်မှာ ရေးဆွဲရာ၌ အသုံးပြုပါသည်။

1. သခင်ယေရှုသည် သူ၏အသက်တာကို ကျွန်ုပ်တို့ရှေ့၌ ထားရှိခဲ့ခြင်းမှာ ကျွန်ုပ်တို့သည် ခြေရာတော်ကို လိုက်လျှောက်ခြင်းအားဖြင့် ပုံတူကူးနိုင်ရန် အောက်ခံစာမူအဖြစ် ထားရှိခြင်းဖြစ်သည် - မ၊၁၁း၂၈-၃၀။
2. ဘုရားသခင်၏ ရည်ရွယ်ချက်သည် ကျွန်ုပ်တို့က မိမိတို့ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် ခရစ်တော်ကို ကြိုးစားတုပရန် မဟုတ်ပါ၊ ကျွန်ုပ်တို့ လိုအပ်နေသောအရာမှာ တုပခြင်းမဟုတ်ဘဲ ပုံတူမှုပွားဖြစ်လာရန် ဖြစ်သည် - ရော၊၈း၂၉။ ၂ကော၊၃း၁၈။

C. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏ကြွယ်ဝခြင်းများ ပါဝင်သော ဖြစ်စဉ်အားဖြင့် ခရစ်တော်၏ ပုံတူမှုပွား၊ ခရစ်တော်၏ မိတ္တူများဖြစ်လာရန် လိုအပ်သည်။ ဤဖြစ်စဉ်ပြီးမြောက်ခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ပုံတူမှုပွားဖြစ်လာကြမည်ဖြစ်သည် - ယော၊၃း၁၅။ ဧ၊၃း၈။

D. မိတ္တူကူးယူခြင်းအလုပ်ကို ပေတရုပြောဆိုသည့် ခရစ်တော်သည် ကျွန်ုပ်တို့၏ ပုံသက်သေဖြစ်ခြင်းအား သရုပ်ဖော်ပြရန် အသုံးပြုနိုင်ပါသည်။

E. ကျွန်ုပ်တို့၏ ပုံသက်သေအဖြစ် ခရစ်တော်၏ ပုံတူမှုပွားဖြစ်လာရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်သောသူ၊ ကျွန်ုပ်တို့၌ ပုံပေါ်လာပြီး၊ ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်တော်ကို ဆောက်လုပ်နေသောသူအဖြစ် တွေ့ကြုံခံစားရမည်ဖြစ်သည် - ဂလ၊၂း၂၀။ ၄း၁၉။ ဧ၊၃း၁၆၊ ၁၇က။

1. ဓမ္မသစ်ကျမ်းက ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်းနှင့် နက်ရှိုင်းစွာ ဆက်နွှယ်နေကြောင်း ဖွင့်ပြထားသည် - ဂလ၊၁း၁၆။ ကော၊၃း၁၀-၁၁။
2. နှုမက်တစ်ခရစ်တော် - အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော် - သည် ကျွန်ုပ်တို့၌ အသက်ရှင်နေသည် - ၁ကော၊၁၅း၄၅ခ။ ဂလ၊၂း၂၀။
   a. ဘုရားသခင်၏စီမံကိန်းဆိုသည်မှာ "ငါ" သည် ခရစ်တော်၏သေခြင်း၌ အသေခံ၍၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်ခြင်း ဖြစ်သည် - ယော၊၁၄း၁၉။
   b. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်ဝိညာဉ်တည်း ဖြစ်ကြသည်၊ ကိုယ်တော်နှင့်အတူ အသက်တစ်ခုတည်း ဖြစ်၍၊ ယခု ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ရမည်ဖြစ်သည် - ၁ကော၊၆း၁၇။ ကော၊၃း၄။ ဖိ၊၁း၂၁က။
   c. ခရစ်တော်သည် ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့၌ ကိန်းဝပ်သောကြောင့်၊ ကိုယ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်ခွင့်ပေးရမည်ဖြစ်သည် - ယော၊၁၄း၁၆-၁၉။ ဂလ၊ ၂း၂၀။

3. ကျွန်ုပ်တို့၌ ခရစ်တော်၏ ပုံသဏ္ဍာန်ပေါ်လာခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော်ပြည့်ဝစွာ ကြီးထွားခြင်းဖြစ်သည် - ၄း၁၉။
   a. ကျွန်ုပ်တို့သည် နောင်တရ၍၊ ကိုယ်တော်၌ ယုံကြည်သောအချိန်တွင် ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ မွေးဖွားလာခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်၍၊ နောက်ဆုံးတွင် ကျွန်ုပ်တို့ ကြီးရင့်လာသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံပေါ်လာမည်ဖြစ်သည် - ယော၊၁း၁၂-၁၃၊ ၃း၁၅။ ဂလ၊၂း၂၀၊ ၄း၁၉။
   b. ကျွန်ုပ်တို့၌ ခရစ်တော် ပုံပေါ်လာစေရန်ဆိုသည်မှာ အရာအားလုံးပါဝင်သော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းကို သိမ်းပိုက်ရန် အခွင့်ပေးခြင်း၊ ကျွန်ုပ်တို့၌ ခရစ်တော်ပြည့်ဝစွာ ကြီးထွားလာစေခြင်း ဖြစ်သည် - ကော၊၂း၁၉။ ဧ၊၄း၁၅-၁၆။
   c. ကျွန်ုပ်တို့၌ ခရစ်တော် ပုံပေါ်လာရန်ဆိုသည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ဇီဝထုံးဖွဲ့မှုဆိုင်ရာ၌ စေ့စပ်ထုံးဖွဲ့ခံရခြင်းကို ရည်ညွှန်းသည် - ကော၊၃း၁၀-၁၁။
   d. ဂလတိ ၄း၁၉ ရှိ *ပုံပေါ်လာခြင်း* သည် ၂ကော၊၃း၁၈ ရှိ *သဏ္ဍာန်တော်* နှင့် တူညီသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာမှသာလျှင်၊ ကိုယ်တော်၏ သဏ္ဍာန်တော်၌ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားနိုင်မည်ဖြစ်သည်။
4. ကျွန်ုပ်တို့၌ အသက်ရှင်၍၊ ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာနေသော ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်တော်ကို ဆောက်လုပ်နေသည် - ဧ၊၃း၁၆-၁၇က။
5. ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်ခြင်း၊ ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာခြင်း၊ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ဆောက်လုပ်နေခြင်း ရှိလာသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စုပေါင်းထင်ရှားခြင်းအတွက် ခရစ်တော်၏ ပုံတူမူပွား ဖြစ်လာကြသည် - ရော၊၈း၂၉။ ၁၂း၄-၅။ ဗျာ၊၂၁း၂။

## II. ကျွန်ုပ်တို့သည် ခရစ်တော်၏ ပုံတူမူပွားဖြစ်လာသည်နှင့်အမျှ ခရစ်တော်အား ကျွန်ုပ်တို့စိတ်များ၏သိုးထိန်းအဖြစ် ကျွန်ုပ်တို့တွေ့ကြုံခံစား၍၊ မွေ့လျော်ဝမ်းမြောက်နိုင်ကြသည် - ၁ပေ၊၂း၂၅။ မ၊၁၁း၂၈-၃၀။ ဖိ၊၁း၂၇။ ၂း၂။

A. ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းအဖြစ်၊ နျူမက်တစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်း အနေအထားကို ကြည့်ရှုပေးကာ၊ ကျွန်ုပ်တို့အတွင်းပိုင်းဖြစ်ခြင်း၏ အခြေအနေကို ဂရုစိုက်ပေးနေသည်။
   1. ခရစ်တော်၏ ရှင်သန်သော ထိန်းကျောင်းခြင်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့၏စိတ်ကို ဂရုစိုက်သည် - ဆာ၊၂၃း၃။
   2. ခရစ်တော်သည် ကျွန်ုပ်တို့စိတ်၏ကောင်းကျိုးကို ဂရုစိုက်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်းအနေအထားအပေါ် ကိုယ်တော်၏ ကြည့်ရှုစောင့်ထိန်းခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကို ထိန်းကျောင်းပေးနေသည် - ညွှန်း၊ ဟေဗြဲ၊၁၃း၁၇။
   3. ဤကဲ့သို့သော ထိန်းကျောင်းခြင်းမျိုးသည် အတွင်းပိုင်းဖြစ်သော၊ ပင်ကိုမူလဖြစ်သော၊ ရှင်သန်သော နှစ်သိမ့်သက်သာစေခြင်းဖြစ်သည်။
B. ကျွန်ုပ်တို့၏စိတ်သည် အလွန် ရှုပ်ထွေးသောကြောင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော်ဖြစ်သော ခရစ်တော်ကို ကျွန်ုပ်တို့၏စိတ်၌ ကျွန်ုပ်တို့ကို ထိန်းကျောင်းစေရန်၊ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒနှင့် ကျွန်ုပ်တို့၏ ပြဿနာများ၊ လိုအပ်ချက်များနှင့် အနာများကို ဂရုစိုက်စေရန် လိုအပ်နေသည် - ယော၊၁၄း၁၆-၁၇။ ၁ကော၊၁၅း၄၅ခ။ ၆း၁၇။
   1. ကျွန်ုပ်တို့၏နျူမက်တစ်သိုးထိန်းကြီးအဖြစ်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်အတွင်းမှ ကျွန်ုပ်တို့ကို ဂရုစိုက်သည်။
   2. ကိုယ်တော်၏ထိန်းကျောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်မှ အစပြု၍၊ ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းတိုင်းသို့ ပျံ့နှံ့သွားသည်။
   3. ကျွန်ုပ်တို့၏ဝိညာဉ်မှ ခရစ်တော်သည် ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းအားလုံးသို့ ဝင်ရောက်၍၊ ကျွန်ုပ်တို့အား ညင်သာသော၊ ရှင်သန်သော၊ အရာအားလုံးပါဝင်သော နည်းလမ်း၌ ဂရုစိုက်နေသည်။

C. ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းကြီးအဖြစ်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်ကို ပြန်လည်အားဖြည့်ပေးသည် - ဆာ၊၂၃း၃က။
   1. ကျွန်ုပ်တို့၏စိတ်ကို ပြန်လည်အားဖြည့်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ရှင်သန်နိုးကြားလာကြောင်းကို ဆိုလိုသည်။
   2. ကျွန်ုပ်တို့စိတ်ကို ပြန်လည်အားဖြည့်ခြင်း၌ အသစ်ပြုပြင်ခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းလည်း ပါဝင်သည် - ရော၊ ၁၂း၂။ ၂ကော၊၃း၁၈။

D. ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းကြီးအဖြစ်၊ သခင်ဘုရားသည် ကျွန်ုပ်တို့၏စိတ်ကို နားခိုခြင်းပေးသည် - မ၊၁၁း၂၈-၃၀။
   1. သခင်ဘုရားသည် ပညတ်တရားကို ကြိုးစားစောင့်ထိန်းသောသူများ သို့မဟုတ် အလုပ်တစ်စုံတစ်ခုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ကြိုးစားရုန်းကန်နေရသောသူများကို သူ့ထံသို့ နားခိုရန် ခေါ်တော်မူသည် - အငယ်၊ ၂၈။
   2. ဤနားခိုခြင်းသည် ပညတ်တရား သို့မဟုတ် ဘာသာတရား သို့မဟုတ် အလုပ်တစ်ခုခု သို့မဟုတ် တာဝန်ရှိခြင်းအောက် ၌ ဝန်လေးပင်ပန်းနေခြင်းမှ လွတ်မြောက်စေရုံမျှမဟုတ်ဘဲ၊ ပြည့်စုံသောငြိမ်သက်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်းကိုလည်း ရည်ညွှန်းသည်။
   3. သခင်ဘုရား၏ထမ်းပိုးကို ထမ်းခြင်းမှာ ခမည်းတော်၏အလိုတော်ကို ဆောင်ခြင်းဖြစ်သည် - ၁၂း၅၀။
   4. သခင်ဘုရားသည် ခမည်းတော်၏အလိုတော်အားဖြင့် ထိန်းချုပ်ခြင်းနှင့် ၎င်းကိုသာ ဂရုစိုက်ခြင်း ရှိသောအသက်တာကို အသက်ရှင်ခဲ့သည် (ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈)။ ကိုယ်တော်သည် ခမည်းတော်၏အလိုတော်ဖြင့် အပြည့်အဝ ကျေနပ်နှစ်သိမ့်မှုရှိ၍၊ သူ၏စိတ်နှလုံး၌ နားခိုခြင်းရှိခဲ့သည်။
   5. သခင်ဘုရား၏ထမ်းပိုးကို ထမ်း၍၊ ကိုယ်တော်ထံမှ သင်ယူခြင်းအားဖြင့် ရရှိသော နားခိုခြင်းမှာ အတွင်းပိုင်းနားခိုခြင်း၊ ကျွန်ုပ်တို့ စိတ်အတွက် နားခိုခြင်းဖြစ်သည် - မ၊၁၁း၂၉-၃၀။

E. သခင်ဘုရားသည် ကျွန်ုပ်တို့၏စိတ်ကို ထိန်းကျောင်း၍၊ ကျွန်ုပ်တို့၏စိတ်ကို ပြန်လည်အားဖြည့်သောကြောင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားရုံသာမက၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းလည်းရှိကြသည် - ဖိ၊၂း၂။ ၃း၁က။
   1. ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် အဓိက ကျွန်ုပ်တို့ဝိညာဉ်ရှိသည့် အကြောင်းအရာဖြစ်သော်လည်း၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့စိတ်၌ ဖြစ်သည် - ၁း၂၇။ ၂း၂။
   2. ကျွန်ုပ်တို့စိတ်၌ ပြဿနာရှိနေမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမရှိဘဲ၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း ရှိကောင်းရှိနိုင်ပါသည်။
   3. ခရစ်တော်နှင့် စပ်လျဉ်း၍၊ ကျွန်ုပ်တို့၏အရသာသည် အဓိက ကျွန်ုပ်တို့၏စိတ်၌ ဖြစ်သည်။ ဤအကြောင်းကြောင့်ပင် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းတိုင်း၊ အထူးသဖြင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို ထိန်းကျောင်းရန် သခင်ဘုရားကို လိုအပ်ရခြင်းဖြစ်သည်။

© 2024 Living Stream Ministry

Message Five

**ပေတရု၏ ဩဝါဒစာစောင်များ၌ရှိသော ကျေးဇူးတော်**

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊ ၁း၂၁၊ ၁၀၊ ၁၃။ ၂း၁၉-၂၀။ ၃း၇။ ၄း၁၀။ ၅း၅၊ ၁၀၊ ၁၂။ ၂ပေ၊ ၁း၂။ ၃း၁၈

**I. ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအဖြစ် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည် - ကျေးဇူးတော်သည် အသက်ပေးသောဝိညာဉ်တော်အဖြစ် ရှင်ပြန်ထမြောက်သောခရစ်တော်က မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံ အခမဲ့ပေးထားခြင်း၊ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်ခြင်းနှင့် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ခြင်းပင် ဖြစ်သည် - ယော၊ ၁း၁၄၊ ၁၆-၁၇။ ဟေရှာ၊ ၅၅း၁။ ၂ကော၊ ၁း၈-၉၊ ၁၂။ ဂလ၊ ၂း၂၀။ ညွှန်း၊ ၁ကော၊ ၁၅း၁၀။**

**II. ကျေးဇူးတော် တိုးပွားများပြားခြင်းမှာ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ဘုရားသခင်ကို ပြည့်ဝစွာသိကျွမ်းခြင်း၊ ကျွန်ုပ်တို့၏သခင် ယေရှုကို ပြည့်ဝစွာ သိကျွမ်းခြင်းတို့၌ တိုးပွားလာသော ကျေးဇူးတော်ဖြစ်သည်။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ကျေးဇူးတော်သည် ကွဲယ်ဝခြင်း၊ တိုးပွားများပြားခြင်းနှင့် ပေါ်များကွဲယ်ဝခြင်း ရှိသည် - ၁ပေ၊ ၁း၂၊ ၂ပေ၊ ၁း၂။ ယော၊ ၁း၁၆။ ဧ၊ ၁း၆-၈။ ၂း၇။ ရော၊ ၅း၁၇၊ ၂၁။ ၁တိ၊ ၁း၁၄။ ဗျာ၊ ၂၂း၂၁။**

A. ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ ဒုက္ခဆင်းရဲခံခြင်းများ၊ ကန့်သတ်ခံရခြင်းများနှင့် အားနည်းခြင်းများမှတစ်ဆင့် ကျွန်ုပ်တို့ထံ တိုးပွားများပြားလျက်ရှိသည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဝန်ကို ထမ်းဆောင်သူအဖြစ် ခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဝန်တာများလာလေလေ၊ ခရစ်တော်ကို ကျေးဇူးတော်အဖြစ် တွေ့ကြုံခံစားရန် အခွင့်အရေးများလေလေ ဖြစ်သည် - ၂ကော၊ ၁၂း၇-၉။ ညွှန်း၊ ၁း၁၂၊ ၁၅။

B. ကျေးဇူးတော်အဖြစ် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ကိုယ်တော်ကို ချစ်သောသူတို့နှင့်အတူ ရှိနေသည် - ဧ၊ ၆း၂၄။ ယော၊ ၂၁း၁၅-၁၇။ ၁ပေ၊ ၁း၈။

C. သခင်ဘုရားကို ကိုယ်တော်၏ဘုရားဆိုင်ရာ သဘောသဘာဝဖြင့် ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ကိုယ်တော်၏ကျေးဇူးတော်စကားကို ကျွန်ုပ်တို့ လက်ခံရရှိခြင်းနှင့် ၎င်း၌ တည်နေခြင်းအားဖြင့် ဖြစ်ကာ၊ ယင်း၌ ကိုယ်တော်၏ အဖိုးထိုက်တန်သော၊ အလွန်အမင်း ကြီးမြတ်သောကတိတော်များအားလုံး ပါဝင်သည်-တ၊ ၂၀း၃၂။ ၂ပေ၊ ၁း၄။ ဧ၊ ၆း၁၇-၁၈။

**III. ဓမ္မဟောင်းရှိ ပရောဖက်များက ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာမည့် ကျေးဇူးတော်နှင့်စပ်လျဉ်း၍ ပရောဖက်ပြုခဲ့ကြသည် - ၁ပေ၊ ၁း၁၀။**

A. ဓမ္မဟောင်းပရောဖက်များ၌ ခရစ်တော်၏ဝိညာဉ်တော်သည် ခရစ်တော်နှင့်စပ်လျဉ်း၍ ကိုယ်တော်၏လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်းနှင့် ကားတိုင်မှာအသေခံခြင်း၌ ကိုယ်တော်၏ဒုက္ခဆင်းရဲခံခြင်းများ၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ ဒုတိယအကြိမ်ကြွလာခြင်းနှင့် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်းကို ယူဆောင်လျှောက်လှမ်းခြင်းအတွက် စိုးစံခြင်းတို့၌ ကိုယ်တော်၏ဘုန်းတော် တို့မှတစ်ဆင့် ကျွန်ုပ်တို့ထံ ကျေးဇူးတော်ဖြစ်လာခြင်းနှင့်စပ်လျဉ်း၍ သူတို့ကို ရှင်းလင်းမှုရှိစေခဲ့သည် - အငယ်၊ ၅၊ ၉-၁၀။ ညွှန်း၊ ဆာ၊ ၂၂။ ဟေရှာ၊ ၅၃။ ဒံ၊ ၉း၂၆။

B. ခရစ်တော်၏ဝိညာဉ်တော်သည် ဓမ္မသစ်အချိန်၌ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့်၊ ယင်းနှင့်အတူ ခေတ်ကာလဆိုင်ရာ စေ့စပ်ထုံးဖွဲ့ခြင်း ဖြစ်ခဲ့သော်လည်း (ယော၊ ၇း၃၉။ ရော၊ ၈း၉-၁၁)၊ ထိုဝိညာဉ်တော်၏ လှုပ်ရှားလုပ်ဆောင်ခြင်းမှာ ထာဝရဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ထာဝရဝိညာဉ်တော် ဖြစ်သောကြောင့် ဖြစ်သည် (ဟေဗြဲ၊ ၉း၁၄)။

C. ကိုယ်တော်၏ထာဝရလုပ်ဆောင်ချက်၌ ခရစ်တော်၏ဝိညာဉ်တော်သည် ဓမ္မဟောင်းပရောဖက်များ၌ ရှိခဲ့ပြီး၊ ခရစ်တော်နှင့်စပ်လျဉ်း၍ ဓမ္မသစ်ယုံကြည်သူများထံ ဘုရားသခင့် ပြည့်ဝသော ကယ်တင်ခြင်း၏ အားလုံးလုံးလောက်ပြည့်စုံသော၊ အကန့်အသတ်မဲ့သော ကျေးဇူးတော်ဖြစ်ရန် ကြွလာမည့်အကြောင်း၊ ယင်းမှာ သူတို့၏စိတ်များကယ်တင်ခံရခြင်းဖြစ်သည့် နိုင်ငံ

တော်ခေတ်၌ သခင်ဘုရားကို ဝမ်းမြောက်ရခြင်းအထဲသို့ သူတို့ဝင်ရောက်ရခြင်းအတွက် ဖြစ်ကြောင်း ရှင်းလင်းမှုရှိစေခဲ့သည် - ယော၊၁း၁၇။ ဟေဗြဲ၊၁၀း၂၉ခ။ ၁ပေ၊၁း၉။ မ၊၂၅း၂၁၊ ၂၃။

D. ခရစ်တော်၏ဝိညာဉ်တော်သည် ကျေးဇူးတော်အဖြစ် ဘုရားသခင်၏ ပြည့်ဝသော ကယ်တင်ခြင်းကို တန်ဆာပလာနှစ်ခုအားဖြင့် ကျွန်ုပ်တို့ထံ ယူဆောင်လာခဲ့သည် - ဓမ္မဟောင်းပရောဖက်များ၏ ပရောဖက်ပြုခြင်းနှင့် ဓမ္မသစ်တမန်တော်များ၏ ဟောပြောခြင်း တို့ဖြစ်သည် - ၁ပေ၊၁း၁၀-၁၂။ ညွှန်း၊ ဗျာ၊၂း၇က။

## IV. ယုံကြည်သူများက သူတို့၏မျှော်လင့်ချက်ကို စုံလင်စွာ ထားရှိရသည့် ကျေးဇူးတော်သည် ယေရှုခရစ် ပေါ်ထွန်းသည့်ကာလ၌ ယုံကြည်သူများထံ ဆောင်ယူခံရလိမ့်မည်ဖြစ်သည် - ၁ပေ၊၁း၁၃။

A. ယေရှုခရစ် ပေါ်ထွန်းသည့်ကာလ၌ ကျွန်ုပ်တို့ထံ ဆောင်ယူခံရသော ကျေးဇူးတော်သည် ဘုရားသခင့်ပြည့်ဝသော ကယ်တင်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် စိတ်၏ကယ်တင်ခြင်းကို ရည်ညွှန်းသည် - အငယ်၊၅၊ ၉-၁၀။

1. ခရစ်တော်၌ ကျွန်ုပ်တို့ထံ ပေးအပ်ခဲ့သော ကျေးဇူးတော်သည် ကမ္ဘာမတည်မရှိမီကပင် ကျွန်ုပ်တို့အပေါ် နှင်းအပ်ပေးခဲ့ပြီးဖြစ်သည် - ၂တိ၊၁း၉။ တိတု၊၂း၁၁။
2. အစအဦး၌ရှိသော ဘုရားသခင်သည် အချိန်၌ ကျေးဇူးတော်အဖြစ် အသွေးအသား ဖြစ်လာခဲ့ကာ၊ ယင်းမှာ လူက လက်ခံရရှိရန်၊ ပိုင်ဆိုင်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်အတွက် ဖြစ်သည် - ယော၊၁း၁၊ ၁၄၊ ၁၆-၁၇။
3. အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရား၊ အရာအားလုံးပါဝင်သော၊ အသက်ပေးသော၊ ကိန်းဝပ်နေသော ဝိညာဉ်တော်အဖြစ် ပြီးမြောက်ပြည့်စုံသောအရှင်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ကျေးဇူးတော်၏ဝိညာဉ်တော်ဖြစ်လာခဲ့သည် - ၁ကော၊၁၅း၄၅ခ။ ၂ကော၊၃း၁၇။ ဟေဗြဲ၊၁၀း၂၉။ ဂလ၊၆း၁၈။ ဖိ၊၄း၂၃။

B. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို စဉ်ဆက်မပြတ် ရရှိရန် ဖွင့်ထားသော ထည့်စရာများဖြစ်ပြီး၊ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းကို ဤကျေးဇူးတော်အပေါ် လုံးလုံးလျားလျား၊ စုံလင်စွာ ထားရှိရမည်ဖြစ်သည် - ရော၊၅း၁၇။ ၁ပေ၊၁း၁၃။

## V. ၁ပေတရု ၂း၁၉-၂၀ ရှိ *ဘုရားသခင်နှင့်အတူရှိသော ကျေးဇူးတော်* သည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်၏ လှုံ့ဆော်မှုနှင့် ကျွန်ုပ်တို့၏အသက်ရှင်ခြင်း၌ ၎င်း၏ ထင်ရှားခြင်းကို ရည်ညွှန်းပြီး၊ ယင်းသည် ကျွန်ုပ်တို့၏ အပြုအမူ၌ လူရှေ့ ဘုရားရှေ့ နှစ်ခုလုံးတွင် သိမ်မွေ့ခြင်းနှင့် လက်ခံဖွယ်ဖြစ်ခြင်း ဖြစ်လာသည်။

A. ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားအဖြစ် ကျေးဇူးတော်သည် ဘုရားသခင်နှင့်အတူ ရင်းနှီးစွာ မိတ်သဟာယဖွဲ့ခြင်းနှင့် ဘုရားသခင်ကို သိမြင်ရခြင်း၌ ကျွန်ုပ်တို့၏အတွင်းပိုင်း လှုံ့ဆော်မှုနှင့် အပြင်ပိုင်ထင်ရှားခြင်းဖြစ်လာသည်။ ကျွန်ုပ်တို့အားလုံးသည် ကျေးဇူးတော်ကို မည်သို့ ရရှိရန်၊ ယင်းမှာ ကျေးဇူးတော်ကို ရယူရန်၊ ကျေးဇူးတော်ကို ပိုင်ဆိုင်ရန်၊ ကျေးဇူးတော်ကို အသုံးပြုရန်နှင့် ကျေးဇူးတော်ကို ယူဆောင်လျှောက်လှမ်းရန် သင်ယူကြရမည်ဖြစ်သည် - ဟေဗြဲ၊၁၂း၂၈။

B. ကျွန်ုပ်တို့လက်ခံရရှိကာ မွေ့လျော်ဝမ်းမြောက်သော ကျေးဇူးတော်အဖြစ် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏သန့်ရှင်းသော အသက်ရှင်ခြင်းနှင့် အသင်းတော်စည်းဝေးခြင်းများ၌ အခြားသူများ မြင်ရရန် သိသာစွာ ထင်ရှားခြင်း ရှိလာသည် - တ၊၁၁း၂၃။

C. ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲများအလယ်တွင် ကျေးဇူးတော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် ထင်ရှားစေရန် ခေါ်ခြင်းခံရကြပြီ ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုရား-လူအသက်ရှင်ခြင်းအတိုင်း ကျွန်ုပ်တို့၏ ပုံသက်သေအဖြစ် ခရစ်တော်၏ပုံတူမူပွား၊ မိတ္တူပွားခြင်း ဖြစ်လာမည်ဖြစ်သည် - ၁ပေ၊၂း၂၀-၂၁။

## VI. အသက်၏ကျေးဇူးတော်သည် သန်စွမ်းသူဖြစ်စေ အားနည်းသူဖြစ်စေ ယုံကြည်သူများအားလုံး၏ အမွေဖြစ်သည် - ၃း၇။

A. အသက်၏ကျေးဇူးတော်သည် ကိုယ်တော်၏ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၌ ကျွန်ုပ်တို့ထံ အသက်နှင့် အသက်မစရာဖြစ်သည့် ဘုရားသခင်ဖြစ်သည် - ခမည်းတော်သည် အသက်၏အရင်းအမြစ် ဖြစ်ပြီး၊ သားတော်သည် အသက်၏ လမ်း

ကြောင်းဖြစ်ကာ၊ ဝိညာဉ်တော်သည် အသက်၏စီးဆင်းခြင်းဖြစ်၍၊ ကျွန်ုပ်တို့ထံ ကျေးဇူးတော်အဖြစ် သားတော်နှင့် ခမည်းတော်နှင့်အတူ ကျွန်ုပ်တို့အတွင်း၌ စီးဆင်းနေသည် - ယော၊၇း၃၈-၃၉။ ဗျာ၊၂၂း၁။

B. ကျွန်ုပ်တို့သည် အသက်၏ကျေးဇူးတော်ကို အမွေခံရမည့် အမွေခံသားများနှင့် အသက်၏ကျေးဇူးတော်ကို ထည့်ဝင်မည့် ထည့်စရာတန်ဆာများ ဖြစ်ကြသည် - ၁ပေ၊၃း၇။ ဧ၊၁း၁၄။ ၂ကော၊၄း၇။

**VII. ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်သည် အထူးထူးအပြားပြားဖြစ်ခြင်း၌ သန့်ရှင်းသူများက အချင်းချင်းထံ အမှုဆောင်သော ဘုရားသခင့်ကျေးဇူးတော်၏ ကြွယ်ဝခြင်းများကို ရည်ညွှန်းသည် - ၁ပေ၊၄း၁၀။**

A. ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်သည် အသက်၏ ကြွယ်ဝသော မစမှုဖြစ်ကာ၊ ယင်းသည် ကျွန်ုပ်တို့အထဲသို့ များစွာသော သွင်ပြင်၌ အမှုဆောင်ခဲ့သည့် သုံးပါးတစ်ပါးဘုရား ဖြစ်သည် - ၂ကော၊၁၃း၁၄။ ၁၂း၉။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်၏ ကောင်းသော ဘဏ္ဍာစိုးများဖြစ်ရန် လိုအပ်ကာ၊ ဘုရားသခင်၏ ဗျာဒိတ်တော်များအဖြစ် ကျေးဇူးတော်စကားများကို ဟောပြောကာ၊ ဘုရားသခင်မစပေးသော ကျေးဇူးတော်၏ ခွန်အားနှင့် တန်ခိုးဖြင့် အမှုဆောင်ရမည်ဖြစ်သည် - ၁ပေ၊၄း၁၀-၁၁။ လု၊၄း၂၂။ ဧ၊၃း၂။ ၄း၂၉။

**VIII. ဘုရားသခင်သည် နှိမ့်ချသောသူကို ကျေးဇူးတော်ပေးပြီး၊ ထောင်လွှားသောသူကို ဆီးတားတော်မူသည် - ၁ပေ၊၅း၅။**

A. အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့အားလုံးသည် အချင်းချင်းထံသို့ နှိမ့်ချခြင်းဖြင့် မိမိတို့ကိုယ်ကို ခါးပန်းစည်းရန် လိုအပ်သည်၊ သို့မှသာ ဘုရားသခင်ကို ကျေးဇူးတော်ပေးသောသူအဖြစ် မွေ့လျော်ဝမ်းမြောက်နိုင်ပေမည် - ညွှန်း၊ ယော၊၁၃း၃-၅။

B. နှိမ့်ချခြင်းသည် ဖျက်ဆီးခြင်းမျိုးစုံထဲမှ ကျွန်ုပ်တို့ကို ကယ်တင်ပေးပြီး၊ ဘုရားသခင်၏ကျေးဇူးတော်ကို ဖိတ်ခေါ်ပေးသည်၊ မာန်မာနမူကား ကျွန်ုပ်တို့ကို ထိပ်ဆုံးသောသူရူးဖြစ်စေသည် - ယာ၊၄း၆။ ဆာ၊၁၃၈း၆။ သု၊၂၉း၂၃။

C. ကျွန်ုပ်တို့သည် ကိုယ်တော်၏ဆုံးမစီရင်ခြင်း၌ ဘုရားသခင်၏ အားကြီးသောလက်တော်အောက်၌ နှိမ့်ချရန်၊ နှိမ့်ကျခံရန် လိုလားဆန္ဒရှိရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏အသက်တာနှင့် ၎င်း၏စိုးရိမ်ကြောင့်ကြမှုတို့ကို ဘုရားသခင်အပေါ် ပစ်ထားလိုက်ရမည်၊ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ချစ်ကြင်နာစွာနှင့် သစ္စာရှိစွာ ဂရုစိုက်ပေးနေသောကြောင့် ဖြစ်သည် - ၁ပေ၊၅း၅-၇။ ညွှန်း၊ ဆာ၊၅၅း၂၂။

**IX. “ခပ်သိမ်းသောကျေးဇူးတော်၏ ဘုရားသခင်” - ယုံကြည်သူများကို ကိုယ်တော်၏ထာဝရဘုန်းတော်အထဲသို့ ခေါ်တော်မူသောအရှင်- သည် သူတို့၏ ဒုက္ခဆင်းရဲများမှတစ်ဆင့် သူတို့ကို စုံလင်စေခြင်း၊ တည်မြဲစေခြင်း၊ ခွန်အားပေးခြင်းနှင့် အခြေကျစေခြင်း ပြုတော်မူသည်။ ဤ”ခပ်သိမ်းသောကျေးဇူးတော်”သည် “ဘုရားသခင်၏ဟုတ်မှန်သော ကျေးဇူးတော်”ဖြစ်ပြီး၊ ယင်းအထဲသို့ ယုံကြည်သူများ ဝင်ရောက်၍၊ ၎င်း၌ သူတို့ ရပ်တည်ရမည်ဖြစ်သည် - ၁ပေ၊၅း၁၀၊ ၁၂။**

**X. ဘုရားသခင်၏ဟုတ်မှန်သော ကျေးဇူးတော်သည် ကျွန်ုပ်တို့၏သခင်နှင့် ကယ်တင်ရှင် ယေရှုခရစ်ကို သိကျွမ်းခြင်းနှင့်အတူ တကွ ယုံကြည်သူများက ယခုနှင့် ထာဝရကာလနေ့ရက်တိုင်အောင် ကိုယ်တော်၏ဘုန်းတော်သို့ ကြီးထွားခြင်းရှိကြရမည့် ကျေးဇူးတော်ဖြစ်သည် - ၂ပေ၊၃း၁၈။**

A. ဤသည်မှာ တမန်တော်ပေတရု၏ ရေးသားချက် နိဂုံးစကားဖြစ်ပြီး၊ သူရေးသားခဲ့သမျှသည် ဘုရားသခင်၏ကျေးဇူးတော်၏အရာ၊ ၎င်း၌၊ ၎င်းအားဖြင့်၊ ၎င်းမှတစ်ဆင့် ဖြစ်ကြောင်း ညွှန်ပြနေသည်။

B. ဘုရားသခင့်စီမံကိန်းရှိ ကျေးဇူးတော်၏ ထုတ်လုပ်မှုသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ဘုရားသခင့်ဖြောင့်မတ်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ယေရုရှလင်မြို့သစ်ဖြစ်ရန် ဘုရားသခင်၏ ကဗျာအဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည် - ဧ၊၂း၇-၁၀။ ၂ပေ၊၃း၁၃။

C. ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားသခင့်ကျေးဇူးတော်၏ ကြွယ်ဝခြင်းများ၊ ဘုရားသခင်ကိုယ်တော်တိုင်၏ ကြွယ်ဝခြင်းများသည် အကန့်အသတ်မှန်သမျှကို ကျော်လွန်ကာ၊ ထာဝရကာလပတ်လုံး ပွင့်လင်းထင်ရှားစွာထုတ်ဖော်ပြသခြင်းရှိလိမ့်မည်ဖြစ်သည် - ဧ၊၂း၇။

© 2024 Living Stream Ministry

Message Six

**ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူများနှင့်**
**ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ရခြင်းအတွက်**
**ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝကို တိုးတက်ကြီးထွားစေခြင်း**

ဖတ်ရန်ကျမ်း။ ။၂ပေ၊၁း၁၊ ၃-၁၁။ ၃း၁၈

**I. အဖိုးထိုက်သော ယုံကြည်ခြင်းကို အညီအမျှ ရရှိသူများအဖြစ် ခရစ်တော်၌ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူများ ဖြစ်သင့်ပေသည် - ၂ပေ၊၁း၄။**

A. ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားသခင်ဖြစ်သောအရာ၊ ယင်းမှာ ဘုရားသခင့်ဖြစ်ခြင်း၏ ကြွယ်ဝခြင်းများ၊ ဒြပ်သဘာဝများနှင့် စေ့စပ်ထုံးဖွဲ့မှုများကို ရည်ညွှန်းသည် - ယော၊၄း၂၄။ ၁ယော၊၁း၅။ ၄း၈၊ ၁၆။

B. ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝသည် ခွဲခြားမရနိုင်သောအရာ ဖြစ်သည်။ ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားဆိုင်ရာအသက်၏ ဒြပ်ကိုယ်ထည်ဖြစ်ပြီး ဘုရားဆိုင်ရာအသက်အတွင်း၌ ရှိသည် - ၁း၁-၂။ ၅း၁၁-၁၃။

C. ဘုရားသခင်၏သားများအဖြစ် ဘုရား-လူများဖြစ်သော၊ ဘုရားသခင်၏မွေးဖွားခံရသော ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝကို ပိုင်ဆိုင်ကြပြီး၊ ဘုရားသခင်၏မျိုးစိတ်များတွင် ပါဝင်ဆက်ဆံကြရသည် - ၃း၁။ ယော၊ ၁း၁၂-၁၃။

1. ကျွန်ုပ်တို့အသစ်တစ်ဖန်မွေးဖွားခြင်း၌ အခြားသဘောသဘာဝသည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခံရသည်။ ဤအရာသည် ဘုရားသခင်၏သဘောသဘာဝ၊ ဘုရားဆိုင်ရာသဘောသဘာဝ ဖြစ်သည် - ၂ပေ၊၁း၄။
2. ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားဆိုင်ရာအသက်၌ ရှိသောကြောင့် ကျွန်ုပ်တို့အသစ်တစ်ဖန်မွေးဖွားရာ ဘုရားဆိုင်ရာအသက်သည် အတွင်း၌ ဘုရားဆိုင်ရာ သဘောသဘာဝရှိသည် - ယော၊၃း၃၊ ၅-၆၊ ၁၅။
3. ဘုရားသခင့်သားတော်အထဲသို့ ယုံကြည်သူမှန်သမျှသည် ဘုရားသခင်၏မွေးဖွားခံရပြီး၊ ဘုရားသခင်၏သားဖြစ်လာရန် အခွင့်ရရှိလေသည်။ ထို့ကြောင့် ယုံကြည်သူတစ်ဦးသည် ဘုရားသခင်၏သဘောသဘာဝကို ပါဝင်ဆက်ဆံရန်၊ မွေ့လျော်ဝမ်းမြောက်ရန် အခွင့်ရှိလေသည် - ၁း၁၂-၁၃။

D. ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသောသူသည် ဘုရားဆိုင်ရာသဘောသဘာဝကို မွေ့လျော်ဝမ်းမြောက်ကာ၊ ဘုရားဆိုင်ရာသဘောသဘာဝ၌ ပါဝင်ရသောသူ ဖြစ်သည် - ၂ပေ၊၁း၄။

1. ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံခြင်းမှာ ဘုရားသခင်ဖြစ်သောအရာကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူဖြစ်ခြင်းမှာ ဘုရားသခင့်ဖြစ်ခြင်း၏ ကြွယ်ဝခြင်းများ၊ ဒြပ်သဘာဝများနှင့် စေ့စပ်ထုံးဖွဲ့မှုများကို ပါဝင်ဆက်ဆံသူဖြစ်ခြင်း ဖြစ်သည် - ၁ပေ၊၁း၈။
2. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသောသူ ဖြစ်လိုလျှင် ဘုရားဆိုင်ရာသဘောသဘာဝတည်းဟူသော အတွင်းမှ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ရန် လိုအပ်သည် - ယော၊၁း၄။ ၁၀း၁၀။ ၁၁း၂၅။ ၆း၅၇ခ။

E. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အဖိုးထိုက်တန်၍ အလွန်အမင်း ကြီးမြတ်သော ကတိတော်များမှတစ်ဆင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ကြသည် - ၂ကော၊၁၂း၉။ မ၊၂၈း၂၀ခ။ ဧ၊၃း၂၀။

F. ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူဖြစ်ရန် သတ်မှတ်ချက်တစ်ခုရှိသည် - ယင်းမှာ တပ်မက်မှုအားဖြင့် လောက၌ရှိနေသော ဖောက်ပြန်ပျက်စီးခြင်းမှ ကျွန်ုပ်တို့လွတ်မြောက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လွတ်မြောက်ခြင်းနှင့် ပါဝင်ဆက်ဆံခြင်း၊ ပါဝင်ဆက်ဆံခြင်းနှင့် လွတ်မြောက်ခြင်း၏ စက်ဝိုင်းတွင် အသက်ရှင်ရန် လိုအပ်သည် - ၂ပေ၊၁း၄။

G. ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ပြီး၊ ကိုယ်တော့်ဖြစ်ခြင်းကြွယ်ဝခြင်းများကို ပါဝင်ဆက်ဆံမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသဘောသဘာဝဖြင့် စေ့စပ်ထုံးဖွဲ့ခံ၍၊ ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာကာ၊ ကျွန်ုပ်တို့ဖြစ်သမျှ၊ လုပ်ဆောင်သမျှ၌ ကိုယ်တော်ကို ထင်ရှားစေမည်ဖြစ်သည် - အငယ်၊၃။

H. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံခြင်း၊ ဘုရားသခင်ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိသည်နှင့်အမျှ၊ ဘုရားသဘောသဘာဝ၏ ကြွယ်ဝခြင်းများသည် အပိုဒ်ငယ် ၅ မှ ၇ အထိ ဖော်ပြသည့်အတိုင်း အပြည့်အဝ တိုးတက်ကြီးထွားလာမည်ဖြစ်သည်။

**II. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အထဲသို့ မျိုးကြဲခဲ့ပြီးသော ဘုရားဆိုင်ရာမျိုးစေ့၌ ပါဝင်သော ဘုရားဆိုင်ရာအသက်နှင့် ဘုရားသဘောသဘာဝ၏ တိုးတက်ကြီးထွားခြင်းကို တွေ့ကြုံခံစားရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခွင့်ကို ရရှိမည်ဖြစ်သည် - အငယ်၊၁၊ ၄-၁၁။**

A. ကျွန်ုပ်တို့သည် အံ့သြဖွယ်ရာ အညီအမျှဖြစ်သော အဖိုးတန်သည့် ယုံကြည်ခြင်းကို ခွဲဝေပေးထားပြီးဖြစ်ကာ၊ ဤယုံကြည်ခြင်းသည် အရာအားလုံးပါဝင်သော မျိုးစေ့ဖြစ်သည် - အငယ်၊၁။

1. ဘုရားဆိုင်ရာကြွယ်ဝခြင်းများအားလုံးသည် ဤမျိုးစေ့၌ ပါရှိသည်၊ သို့သော် ကျွန်ုပ်တို့သည် ၎င်းကို တိုးတက်ကြီးထွားလာစေရန် ဖွံ့လုံ့လရှိရမည်။ ရင့်ကျက်ခြင်းသို့တိုင် ကြီးထွားခြင်းမှာ ကျွန်ုပ်တို့၌ရှိပြီးသားအရာကို တိုးတက်ကြီးထွားလာစေခြင်းဖြစ်သည် - အငယ်၊၁-၈။ ၃း၁၈။
2. ဤကောင်းမြတ်ခြင်းများကို တိုးတက်ကြီးထွားလာစေခြင်းအားဖြင့် ကျွန်ုပ်တို့ အသက်၌ ကြီးထွားကြကာ၊ နောက်ဆုံးတွင် ရင့်ကျက်ခြင်းသို့ ရောက်၍၊ ခရစ်တော်ဖြင့် ပြည့်ဝကြမည်၊ လာမည့်နိုင်ငံတော်၌ ရှင်ဘုရင်များဖြစ်ရန် အရည်အချင်းပြည့်မီခြင်းနှင့် စုံလင်တပ်ဆင်ခြင်း ခံရကြမည်ဖြစ်သည် - ဧ၄း၁၃-၁၅။ ကော၊၂း၁၉။ ၂ပေ၊၁း၁၁။
3. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏မျိုးစေ့မှ ကောင်းမြတ်ခြင်းနှင့် အသိပညာ၏ အမြစ်များ၊ မိမိကိုယ်ကိုထိန်းချုပ်ခြင်းပင်စသည်၊ သည်းခံခြင်းနှင့် ဘုရားဝတ်မွေ့လျော်ခြင်း အကိုင်းအခက်များ၊ ညီအစ်ကိုချင်းချစ်ခြင်းနှင့် ချစ်ခြင်းမေတ္တာ၏ အပွင့်ပွင့်ခြင်းနှင့် အသီးသီးခြင်းသို့တိုင် အပြည့်အဝ တိုးတက်ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းသို့ ရောက်ရှိရန် လိုအပ်သည် - အငယ်၊၅-၇။

B. ယုံကြည်ခြင်း၌ ကောင်းမြတ်ခြင်းကို ထောက်မပေးခြင်းမှာ အညီအမျှ အဖိုးထိုက်တန်သော ယုံကြည်ခြင်းကို လေ့ကျင့်ခြင်း၌ ကောင်းမြတ်ခြင်းကို တိုးတက်ကြီးထွားစေရန်ဖြစ်သည် - ဘုရားဆိုင်ရာအသက်၏ စွမ်းအားသည် အားမာန်အပြည့်ရှိသော လုပ်ဆောင်ချက်၌ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤယုံကြည်ခြင်းကို လေ့ကျင့်လုပ်ဆောင်ရန် လိုအပ်သည်၊ သို့မှသာ ဘုရားဆိုင်ရာအသက်၏ ကောင်းမြတ်ခြင်းသည် နောက်ပိုင်းလိုက်လာသည့် အဆင့်များ၌ တိုးတက်ကြီးထွားလာ၍ ရင့်ကျက်ခြင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည် - အငယ်၊၅က။

C. ကောင်းမြတ်ခြင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏သခင် ယေရှုကို သိကျွမ်းခြင်း၏ ပေါများကြွယ်ဝသော ထောက်ပံ့မစမှုကို လိုအပ်သည်။ ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်း၌ တိုးတက်ကြီးထွားစေရမည့် အသိပညာသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ကို သိကျွမ်းခြင်း၊ ဘုရားသခင်၏စီမံကိန်းကို သိကျွမ်းခြင်း၊ ယုံကြည်ခြင်းမှာ အဘယ်အရာဖြစ်ကြောင်း သိကျွမ်းခြင်းနှင့် ဘုရားဆိုင်ရာတန်ခိုး၊ ဘုန်းတော်၊ ကောင်းမြတ်ခြင်း၊ သဘောသဘာဝနှင့် အသက်ကို သိကျွမ်းခြင်းတို့ ပါဝင်သည် - အငယ်၊၅ခ။

D. မိမိကိုယ်ကို ထိန်းချုပ်ခြင်းသည် လူတစ်ဦးက မိမိအတ္တ၏ စိတ်ထက်သန်မှု၊ အလိုဆန္ဒများနှင့် အကျင့်များအပေါ် ထိန်းချုပ်မှုနှင့် တင်းကျပ်ကန့်သတ်မှုကို လေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသို့သော မိမိကိုယ်ကိုထိန်းချုပ်ခြင်းသည် အသက်၌ သင့်လျော်မှန်ကန်စွာ ကြီးထွားခြင်းအတွက် အသိပညာ၌ လေ့ကျင့်လုပ်ဆောင်ဖို့ လိုအပ်သည် - အငယ်၊၆က။

E. သည်းခံခြင်းကို လေ့ကျင့်ခြင်းမှာ အခြားသူများကိုလည်းကောင်း၊ အခြေအနေများကိုလည်းကောင်း သည်းခံခြင်း ဖြစ်သည် - အငယ်၊၆ခ။

F. ဘုရားဝတ်မွေ့လျော်ခြင်းမှာ ဘုရားသခင်ကဲ့သို့ဖြစ်သော၊ ဘုရားသခင်ကို ထင်ရှားသော အသက်ရှင်ခြင်းပင် ဖြစ်ပေသည် - အငယ်၊၆။

G. ညီအစ်ကိုချင်းချစ်ခြင်း (ဖိလဒေလဖိ) သည် ညီအစ်ကိုချင်း စုံမက်ခြင်း၊ နှစ်လိုအားရခြင်းနှင့် ကျေနပ်ပျော်ရွှင်ခြင်းအားဖြင့် ပုံဖော်ထားသော ချစ်ခြင်းမေတ္တာရှိခြင်း ဖြစ်သည်။ ဘုရားသခင်ကို ထင်ရှားခြင်းရှိသော ဘုရားဝတ်မွေ့လျော်ခြင်း၌ ဤချစ်

ခြင်းမေတ္တာသည် ညီအစ်ကိုချင်းအတွက်၊ လောကထံသို့ ကျွန်ုပ်တို့၏သက်သေခံချက်အတွက်၊ အသီးကိုသီးခြင်းအတွက် မစမှုဖြစ်ရန် လိုအပ်နေသည် - အငယ်၊၇က။ ၁ပေ၊၂း၁၇။ ၃း၈။ ဂလ၊၆း၁၀။ ယော၊၁၃း၃၄-၃၅။ ၁၅း၁၆-၁၇။

H. ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာသဘောသဘာဝ၏ အဆုံးစွန် တိုးတက်ကြီးထွားခြင်းမှာ ချစ်ခြင်းမေတ္တာ - *အဂ္ဂါပေ* ဖြစ်ပြီး၊ ယင်းကို ဓမ္မသစ်ကျမ်း၌ ကိုယ်တော်၏သဘောသဘာဝ၌ ဘုရားသခင်ဖြစ်တော်မူသော ဘုရားဆိုင်ရာ ချစ်ခြင်းမေတ္တာအတွက် အသုံးပြုသော ဂရိစကားလုံးဖြစ်သည် - ၂ပေ၊၁း၇ခ။ ၁ယော၊၄း၈၊ ၁၆။

1. ကျွန်ုပ်တို့၏ ညီအစ်ကိုချင်းချစ်ခြင်းသည် ပို၍ဂုဏ်ရှိသော၊ မြင့်မြတ်သော ချစ်ခြင်းမေတ္တာအထဲသို့ တိုးတက်ကြီးထွားလာရန် လိုအပ်သည် - ၂ပေ,၁း၇ခ။
2. ဘုရားဆိုင်ရာသဘောသဘာဝကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ခွဲဝေထားသော ယုံကြည်ခြင်း၏ ဘုရားဆိုင်ရာမျိုးစေ့သည် ဘုရားဆိုင်ရာဖြစ်သော၊ ပို၍မြင့်မြတ်သော ချစ်ခြင်းမေတ္တာ၌ ပြီးမြောက်ပြည့်စုံခြင်းသို့ တိုးတက်ကြီးထွားလာရန် လိုအပ်သည် - အငယ်၊၅-၇။
3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို အဆုံးစွန်အထိ ပါဝင်ဆက်ဆံသောအခါ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာဖြစ်သော ဘုရားသခင်နှင့် ပြည့်ဝကြပြီး၊ ကျွန်ုပ်တို့သည် ချစ်ခြင်း၏ ပုဂ္ဂိုလ်များ၊ ချစ်ခြင်းမေတ္တာကိုယ်တိုင်ပင် ဖြစ်လာကြသည် - ဧ၊၃း၁၉။

I. ဘုရားဆိုင်ရာအသက်၌ ဝိညာဉ်ရေးရာ ကောင်းမြတ်ခြင်းများကို တိုးတက်ကြီးထွားစေ၍၊ ဘုရားဆိုင်ရာအသက်၏ ကြီးထွားခြင်း၌ တိုးတက်လာခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့ကို ခေါ်ခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်ကြည်ခိုင်မြဲမှုရှိစေသည် - ၂ပေ၊၁း၁၀။

J. ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခွင့်အတွက် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ ကြီးထွားမှုနှင့် တိုးတက်မှုကို ရှာဖွေဆည်းပူးရန် ဖွဲလုံ့လရှိသင့်ပေသည် - အငယ်၊၁၀-၁၁။

1. ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ တိုးတက်ခြင်း၌ ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်သော ကြွယ်ဝသည့် မစမှုသည် (အငယ်၊၃-၇) ကျွန်ုပ်တို့သခင်ဘုရား၏ ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခွင့်ကို ကျွန်ုပ်တို့အား ပေါများကြွယ်ဝစွာ မစပေးလိမ့်မည်ဖြစ်သည်။
2. ဤမစမှုသည် ဘုရားသခင်၏ ခမ်းနားထည်ဝါသော ဘုန်းတော်သို့တိုင် ကျွန်ုပ်တို့၏ သာလွန်ထူးကဲသော ကောင်းမြတ်ခြင်းများ (စွမ်းအား) အဖြစ် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာ သဘောသဘာဝ၏ ကြွယ်ဝခြင်းများအားလုံးအားဖြင့် လာမည့်နိုင်ငံတော်အထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေမည်၊ အရည်အချင်းပြည့်မီစေမည်ဖြစ်သည် - အငယ်၊၃။ ၁ပေ၊၅း၁၀။
3. အပြင်ပန်းအားဖြင့် ထာဝရနိုင်ငံတော်အထဲသို့ ဝင်ရောက်သူမှာ ကျွန်ုပ်တို့ဖြစ်သည်။ အမှန်စင်စစ် ထာဝရနိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းမှာ ကျွန်ုပ်တို့အသက်၌ ကြီးထွားခြင်းမှုတစ်ဆင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်၏ တိုးတက်ခြင်းမှုတစ်ဆင့်လည်းကောင်း ကျွန်ုပ်တို့ထံ ကြွယ်ဝစွာ မစပေးခြင်းပင် ဖြစ်သည်။

*© 2024 Living Stream Ministry*